# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၈)၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၆-၁-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက် မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ်( ၇ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

စာမျက်နှာ ၆ သို့ ☆

## မန္တလေးမြို့အဝင် လမ်းမကြီးများတွင် အရိပ်ရပင်နှင့် ရောင်စုံပန်းအလှပင်များ ပုံဖော်စိုက်ပျိုးခြင်းများ ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့တော်အား ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော မြို့တော်ဖြစ်စေရေးအတွက် မြို့တော်အင်္ဂါရပ်များနှင့်အညီ ဌာန(၁၄)ခုတို့မှ စည်ပင်သာယာလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် မြို့တော် စိမ်းလန်းသာယာလှပရေးလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဘက်စုံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ မန္တလေးကျုံးပတ်လည်တစ်လျှောက်နှင့် ကျုံးရေပြင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ မန္တလေးမြို့တွင်း အဓိကလမ်းမကြီးများရှိ လမ်းလယ်ကျွန်းများ၊ ယာဉ်ကြောခွဲ ပန်းအလှအုတ်ခုံများနှင့် မန္တလေးမြို့အဝင် လမ်းမကြီးများတွင် မျက်စိပသာဒဖြစ်စေရေးနှင့် သာယာလှပရေးအတွက် ရောင်စုံပန်းအလှများနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းကို ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဝန်ထမ်းများက နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ၁၉ လမ်းနှင့် မန္တလေးမြို့ပတ်လမ်းဆုံတွင် ယာဉ်ကြောခွဲ ပန်းအလှအုတ်ခုံများ၌ ရာသီအလိုက် ရောင်စုံပန်းအလှပန်းပင်များဖြင့် ပုံဖော်စိုက်ပျိုးခြင်းနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယင်းဌာနမှ တာဝန်ရှိသူများက အချိန်မီပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မန္တလေးမြို့တွင်းရှိ လမ်းများနှင့် လမ်းဘေး ဝဲ၊ ယာ လမ်းလယ်ကျွန်းများနှင့် မြို့အဝင်လမ်းများတွင် မန္တလေးဒေသ ရာသီဥတုနှင့် ကိုက်ညီသည့် အရိပ်ရပင်များ၊ ရောင်စုံပန်းအလှပင်များကို မျက်စိပသာဒဖြစ်စေရန် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးပြီး အပင်များ ရှင်သန်ဖြစ်ထွန်းစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**




## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၅**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

ဝ-ဝ-ဝ-ဝ-ဝ

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၆ ရက် ၊ အင်္ဂါနေ့ ။
ရန္တာလေး

## စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်လျက်ရှိကြသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျိုးကောင်းမျိုးသန့် သုံးစွဲမှုလွှမ်းခြုံနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဈေးကွက်ဝင် အရည်အသွေးကောင်းသီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူများအားလုံး တညီတညွတ်တည်း လိုက်ပါဆောင်ရွက်လာကြစေရန် ပညာရှင်များအပိုင်းက ပိုမိုအားစိုက်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တောင်သူသဘောပေါက်နားလည်မှု လွယ်ကူစေမည့် ရှင်းလင်းဆွေးနွေးမှုစနစ်ကိုအသုံးပြုပြီး မိမိတို့ဝန်ဆောင်မှုပေးလျက်ရှိသည့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ အလားတူ နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများချမှတ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းများ စီမံဆောင်ရွက်ခြင်းအတွက် အရေးပါသည့်ကိန်းဂဏန်း စာရင်းဇယားများ တိကျမှန်ကန်ရေးကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သော်လည်း မိမိဒေသရေမြေရာသီဥတုနှင့် တောင်သူများ၏ စိုက်ပျိုးမွေးမြူမှုစွမ်းအားအရ ထုတ်လုပ်မှုအနည်း၊ အများဖြစ်ပေါ်မှုကို မြေပြင်အမှန်အတိုင်း ကိန်းဂဏန်း စာရင်းဇယားများ ပြုစုဆောင်ရွက်ကြရန်လိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ ဆွေးနွေးမှာကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဟဲဟိုး) သင်တန်းခန်းမ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ဟဲဟိုးနှင့် ဒီးမော့ဆို)ကျောင်းများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသားကျောင်းသူများကို တွေ့ဆုံသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က အားကိုးအားထားပြုရသည့် ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များဖြစ်စေရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတော်၏ စိုက်ပျိုးရေး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့သင်ယူတတ်မြောက်ထားသည့် ပညာရပ်များကို အကျိုးရှိစွာအသုံးချပြီး ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများကို တောင်သူလက်ဝယ်အရောက် ဆင့်ပွားပေးနိုင်ရေး ကြိုးပမ်းသွားကြရန်လိုကြောင်းပြောကြားသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ကျေးလက်နေသူများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့် မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကိုကိုနိုင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရဓမ္မာစရိယသုံးကျမ်းအောင် ၁၁၄၇ ပါး၊ အစိုးရဓမ္မာစရိယအထူးအောင် လေးပါး၊ ပါဠိဂုဏ်ထူးအောင် တစ်ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၃ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်အထူးအောင် ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်သည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၃၈၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်) ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်မည်ဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။

သတင်းစဉ်

## ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီး မိတ္တူ ထုတ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်ရှိ အတုလဂုဏ်ရည်ဓမ္မာရုံနှင့် သင်ပန်းကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့တွင် ယနေ့နံနက် ၁၀ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်သွင် ဦးဆောင်သည့်အဖွဲ့မှ ပန်းခင်း(၃) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီး မိတ္တူထုတ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းနေသည့် နေရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူး ဇေယျာသန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့က လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်**

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရုံရပ်ကွက်၊ ၆၃လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားနှင့် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်း၊ ၄၃လမ်းနှင့် ၄၄လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ (အောက်ပုံ)

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဇန်နဝါရီ ၆ ရက်တွင် အောင်မြေသာစံရပ်ကွက်၊ ၁၉လမ်း၊ ၈၆လမ်းနှင့် ၈၇ လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ၇၃ လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်း ကြား၊ MIIT ကျောင်းအရှေ့တို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၇ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြို့ပတ်လမ်း၊ နည်းပညာတက္ကသိုလ်ရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇ လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြားတို့တွင် လည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား တွင်လည်းကောင်း၊ ဇန်နဝါရီ ၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၀လမ်း၊ ဒေါနဘွားရပ်ကွက်၊ ဓာတ်ငွေ့စက်ရုံအနီးနှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်း ကြားတို့တွင် လည်းကောင်း ရောင်း ချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ထိုင်းတော်ဝင်အစိုးရနှင့် ထိုင်းပြည်သူများ၏ ကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ယဉ်ကျေးမှုနှင့် ဘာသာရေးဓလေ့ထုံးတမ်းများတူညီသည့် အိမ်နီးချင်းနိုင်ငံများအဖြစ် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် ဘုံအကျိုးစီးပွားတို့သာမက ခိုင်မာအားကောင်းသည့် ပြည်သူအချင်းချင်း ဆက်ဆံရေးတို့ဖြင့် တည်ဆောက်ထားသည့် ကာလရှည် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထူထောင်ထားရှိကြပါသည်။

အခွင့်အခါကြုံခိုက် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်မြှင့်တင်နိုင်ရေး မြန်မာနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် ထိုင်းနိုင်ငံ၏ မယိမ်းယိုင်သည့် သန္နိဋ္ဌာန်အား ထပ်လောင်းအတည်ပြုလိုပါသည်။ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး အခွန့်ရှည်တည်တံ့မှုကို ဦးတည်လုပ်ဆောင်နေသည့်လမ်းကြောင်းအား ထောက်ခံအားပေးရန် အမြဲအသင့်ရှိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ သီရိလင်္ကာနိုင်ငံ သမ္မတ မစ္စတာ အနူရာ ကုမာရ ဒစ်ဆာနာယာက ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင်အနေဖြင့်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနှင့် ပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံတို့အကြား ထေရဝါဒဗုဒ္ဓဘာသာနှင့် တူညီသည့်ယဉ်ကျေးမှု တန်ဖိုးထားခြင်းများအား အခြေခံသည့် ကာလရှည်ကြာစွာ တည်တံ့လျက်ရှိသော ခင်မင်ရင်းနှီးမှုသည် လိုအပ်သည့်အချိန်များ၌ နှစ်နိုင်ငံအကြား စုစည်းညီညွတ်မှုစိတ်ထားဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့် ပိုမိုခိုင်မာလာခဲ့ပါသည်။

နောင်လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးများသည် ဆက်လက်တိုးတက်လာပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်နှင့် ပညာရေး၊ အဆင့်မြင့်ပညာနှင့် သက်မွေးပညာဝန်ကြီး ဒေါက်တာ ဟာရီနီ အမာရာဆူရိယာ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အဆက်တည်ရှိခဲ့သော ဆက်ဆံရေးတို့အပေါ် အခြေခံထားသည့် နှစ်ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုတို့သည် နောင်နှစ်ပေါင်းများစွာတွင် ပိုမိုနက်ရှိုင်းခိုင်မြဲလာပြီး နှစ်နိုင်ငံပြည်သူများအတွက် နှစ်ဖက်အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများအားလုံးထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှု၊ အကျိုးစီးပွားနှင့် ယဉ်ကျေးမှုချင်း နီးနွယ်ဆက်စပ်သည့် ခိုင်မာသော အုတ်မြစ်များဖြင့် ကာလရှည် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို တည်ထောင်ခဲ့ကြပါသည်။ မိမိတို့ နှစ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် နီးကပ်စွာဆက်နွယ်လျက်ရှိပြီး ပြည်သူအချင်းချင်း ရင်းနှီးသောဆက်ဆံရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေး၏ အဓိကမဏ္ဍိုင်များ ဖြစ်ကြပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းစိတ်ဓာတ်တို့ဖြင့် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာအားကောင်းလာမည်ဟု အခိုင်အမာယုံကြည်လျက် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းပြီး ငြိမ်းချမ်းရေး၊ တိုးတက်သာယာဝပြောရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခု မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသော ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုတိုးတက်အောင် ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ဆန္ဒပြုအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ သီရိလင်္ကာနိုင်ငံခြားရေး ပြည်ပအလုပ်အကိုင်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး မစ္စတာ ဗိဂျစ်သာ ဟီရတ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုတို့အပေါ် အခြေခံ၍ ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော သမိုင်းအစဉ်အလာရှိသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ ယင်းသို့သော ဆက်နွယ်မှုများသည် မိမိတို့ နှစ်နိုင်ငံအကြား ရင်းနှီးသောဆက်ဆံရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်လာပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် လာမည့်နှစ်များအတွင်း ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်များ၌ ပိုမိုကျယ်ပြန့်စွာ တိုးတက်လာမည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်မိပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ချွဲဆုန်းဟီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လာမည့်နှစ်များတွင် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် မျှော်လင့်ပါသည်။

# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၄) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၃၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားရေးကောလိပ် (Judicial College)၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသားသင်တန်းသူ ၅၁ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၅ ရက်မှ ဧပြီ ၃ ရက်အထိ ရက်သတ္တ ၁၃ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



## သတ်မှတ်ခွင့်ပြုပေးခဲ့

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ အပိုင်း(၁) ကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ အပိုင်း(၂) နှင့် အပိုင်း(၃) တို့ကို ဆက်လက်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်နိုင်ရန် ရက်ပေါင်း ၆၀ သတ်မှတ်ခွင့်ပြုပေးခဲ့ပြီး ရွေးကောက်ပွဲအပိုင်း (၁) ပြီးနောက် အပိုင်း(၂)နှင့် အပိုင်း(၃) အတွက် မဲဆွယ်စည်းရုံးခြင်းများဆက်လက်ဆောင်ရွက်နိုင်ရေး နေ့ရက်များ သတ်မှတ်ခွင့်ပြုပေးခဲ့ပါကြောင်း။

မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာတွင် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဥပဒေ၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပြိုင်ဘက်ပါတီများ၊ ပြိုင်ဘက်ကိုယ်စားလှယ်လောင်းများကို စော်ကားပုတ်ခတ်၍ ပြောဆိုစည်းရုံးခြင်းသည် ရာဇဝတ်ကြောင်းအရ ပြစ်မှုမြောက်နိုင်သကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုလည်း မြောက်နိုင်ပါကြောင်း၊ တစ်ဖက်ပါတီကို နှိမ့်ချပုတ်ခတ်ပြောဆို စည်းရုံးခြင်းသည် ကျင့်ဝတ်သိက္ခာမဲ့သည့် လုပ်ဆောင်ချက်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ရွေးကောက်ပွဲနှင့်ပါတီ၏ ပုံရိပ်ကိုလည်း ထိခိုက်စေမည် ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ အပိုင်း(၁)မှ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများကို ထုတ်ပြန်ကြေညာလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ တိုးမြှင့်ပြင်ဆင် သတ်မှတ်ပေးထားပြီးဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ကုန်ကျစရိတ် စာရင်းများကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂ ပါအတိုင်း သတ်မှတ်ရက်အတွင်း အချိန်မီတင်သွင်းကြရန် မှာကြားလိုကြောင်း၊ တင်သွင်းရန်ပျက်ကွက်ပါက အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာခံရမည်ကို သတိချပ်စေလိုပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး မဲစာရင်းကို သုံးကြိမ်တိုင်ကပ်ထားကြေညာပေးခဲ့ပြီး မဲစာရင်းတွင် မပါဝင်ပါက တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍လည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အသေးစိတ်ကို ရှင်းလင်းပြောကြားခဲ့ပြီး ၂-၁-၂၀၂၆ ရက်စွဲဖြင့်လည်း အသိပေး ထုတ်ပြန်ကြေညာပြီး ဖြစ်ပါကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရေတွက်ခြင်း၊ ဆန္ဒမဲစာရင်းများ ပြုစုခြင်း၊ ကပ်ထားကြေညာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများ၊ အများပြည်သူတို့အား ဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရရှိသည့်ဆန္ဒမဲစာရင်းများကို အများပြည်သူသိရှိနိုင်ရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပြီး ဖြစ်ပါကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ကြောင်း အသိအမှတ်ပြု မှတ်ကျောက်တင်ရန် အတွက် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာနှင့် ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာသမားများ စုစုပေါင်း ၁၅၄၄ ဦးခန့် စောင့်ကြည့်လေ့လာ သတင်းရယူခွင့် ပြုခဲ့ပါကြောင်း၊ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများက မဲဆန္ဒရှင်ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ အားတက်သရောလာရောက် မဲပေးခဲ့မှုများကို မြင်တွေ့ခဲ့ကြသည့် အတွက် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ကြောင်းနှင့် ထောက်ခံအားပေး အသိအမှတ်ပြု မှတ်ချက်စကားများ ပြောကြားခဲ့ပါကြောင်း၊ အခက်အခဲ အမျိုးမျိုးကြားမှ လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန်၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲမှတစ်ဆင့် ဂုဏ်သိက္ခာရှိသော လွှတ်တော် အသီးသီး ဖွဲ့စည်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်စကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၇ ပါတီမှဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG အား မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း နေပြည်တော် ရုံးအမှတ်-၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။



တရုတ်သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး အတွက် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်သွားနိုင်ရေး၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သည့် ကုန်ပစ္စည်းများ၏အရည်အသွေး စံချိန်စံနှုန်းပြည့်မီစေရေးအတွက် လိုအပ်သည့်စက်ကိရိယာနှင့် နည်းပညာဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ တရုတ်နိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ရန် ခွင့်ပြုထားသည့်အမယ်များ ပိုမိုတိုးမြှင့်ရရှိနိုင်ရေး၊ နှစ်နိုင်ငံ နယ်စပ်နေပြည်သူများ အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအပါအဝင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေရေးအတွက် ဆောင်ရွက်နိုင်မည့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။(အောက်ဝဲပုံ)

လာအိုသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများ အပါအဝင် အဓိကပို့ကုန်များကို လာအိုနိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေး၊ ကျိုင်းလပ်-စီအင်ကောက်တံတားမှတစ်ဆင့် ကုန်စည်နှင့် လူများဝင်ထွက်သွားလာရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်အဖြစ် အဆင့်မြှင့်တင်သွားနိုင်ရေးနှင့် ဝမ်ပုံ-ဘန်မောင်းမန် နယ်စပ်ဂိတ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်နိုင်ငံအကြား ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

လူငယ် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ လူငယ် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့်ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ငြိမ်းချမ်းရေးတွင် လူငယ်ကဏ္ဍသည် အရေးကြီးသည်ကို ယခုကျင်းပမည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ဖြင့် ပုံဖော်မည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးတွင် အရည်အသွေးမြင့်မားသည့် လူငယ်များရရှိစေရန် ယခုကျင်းပမည့် ဖိုရမ်မှ ဖော်ထုတ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍအား ဆက်နွှယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းမှသာ လူငယ်များ၏ အနာဂတ်ကောင်းမွန်မည်ဖြစ်ပြီး လူငယ်များအား ပြုစုပျိုးထောင်ပေးမှသာ ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဟဇာတဖြစ်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်အောင်၊ လူငယ်များအား ကိုယ်ကျင့်တရားကောင်းမွန်သည့် လူငယ်များဖြစ်အောင် ဆွေးနွေးဖော်ထုတ်မည်ဖြစ်ကြောင်း၊ ယခုဖိုရမ်မှတစ်ဆင့် တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူငယ်များကို ဖော်ထုတ်နိုင်ရန်၊ အနာဂတ်နိုင်ငံတော်အတွက် စွမ်းရည်မြင့်မားသည့် လူငယ်များ ပေါ်ထွက်လာစေရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာကော်မတီအလိုက် အဆုံးအဖြတ်ပေးရမည့် အချက်များအား အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊ ကျင်းပမည့် ဖိုရမ်သည် ယခင်ငြိမ်းချမ်းရေးဖိုရမ်များနှင့် မတူဘဲ လူငယ်များအနေဖြင့်သီးသန့်ဆောင်ရွက်သည့် ဆွေးနွေးမှု အခင်းအကျင်းဖြစ်ကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် အနာဂတ်အတွက် အရေးပါသည့် လူငယ်များ၏ အခန်းကဏ္ဍအား ရည်ရွယ်၍ ကျင်းပ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေးလုပ်ငန်း ကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခု လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် နိုင်ငံအတွက် အနှစ်သာရရှိသည့် ဖိုရမ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်က လူငယ်များကို အလေးထားကြောင်း၊ လုံခြုံပျော်ရွှင် တည်ငြိမ်သည့် အသိုက်အဝန်း ရရှိနိုင်မည့် သတင်းစကားကို ယခုဖိုရမ်တွင် လူငယ်များကို ပေးရမည်ဖြစ်ကြောင်း၊ လူငယ်နှင့် အစိုးရ၊ ပြည်သူနှင့် အစိုးရ ယုံကြည်မှု တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယခု လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် လူငယ်များသည် နိုင်ငံတည်ဆောက်ရေးအတွက် အရေးပါသည်ဆိုသည့် သတင်းစကားကို ပေးနိုင်ရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဦးစီးကော်မတီ ဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဖိုရမ်သည် နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍပါဝင်မှုကို အလေးပေးဆောင်ရွက်ခြင်းဖြစ်ပြီး လူငယ်များ၏စိတ်ဓာတ်နှင့် စွမ်းအားများကို အကောင်းဆုံးသော ပုံစံများဖြင့် နိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ အတွင်း ပေါင်းစပ် ထည့်သွင်းနိုင်မည်ဖြစ်သည်။

ဖိုရမ်မှတစ်ဆင့် လူငယ်များ၏ အသံကို ရှင်းလင်းပြတ်သားစွာ နားလည် သဘောပေါက်ရန်အတွက် ပဋိပက္ခကို ဖြစ်ပေါ်စေသည့်အချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ၊ လူငယ်များ၏ လုံခြုံရေးနှင့် အကာအကွယ်၊ ကျား/မ ကဏ္ဍအလိုက် မတူညီသော ထိလွယ်ရှလွယ်သည့် အခြေအနေ၊ အားနည်းချက်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပူးပေါင်း ပါဝင်နိုင်မှုအတွက် စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ စီးပွားရေးစိန်ခေါ်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်း ကိစ္စရပ်များ၊ ပညာဆက်လက်သင်ယူနိုင်ရေးနှင့် ပညာရေးအတွက် ကွာဟချက်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆိုက်ဘာ(Cyber)၊ လူမှုကွန်ရက်(Social Media)များတွင် လူငယ်များ ပါဝင်ဦးဆောင်နိုင်သော အခြေအနေနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးတို့အတွက် လူငယ်များ၏ သဘောထားဆန္ဒအသံများကို လေ့လာဖော်ထုတ်၍ ဆက်လက် ဆောင်ရွက်မည့် လူငယ်လုပ်ငန်းစဉ် အစီအစဉ်များကို ရယူဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

# ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေး တွေ့ဆုံညှိနှိုင်း

နေပြည်တော် ဇန်နဝါရီ ၅

ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေးဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတော်၏ ရည်မှန်းချက်များ၊ စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားပြီး Export ဈေးကွက်ဝယ်လိုအားရှိသောဆန်များ ထုတ်လုပ်နိုင်ရေးသည်လည်း တစ်ချက်အနေဖြင့်ပါဝင်ရာ မိမိတို့အားလုံး ဝိုင်းဝန်းပံ့ပိုး ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ယနေ့ဆွေးနွေးပွဲကိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

နိုင်ငံ၏ ရေ၊ မြေ ရာသီဥတုနှင့် ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့် ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေးဆောင်ရွက်ရာတွင် ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ၊ Export Zone များ ဖော်ဆောင်၍ ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေးအတွက် ကျင်းပခဲ့ပြီးဖြစ်သည့် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲများတွင် ဖော်ထုတ်ချက် ၁၇ ချက်နှင့် ဆွေးနွေးပွဲ ဆုံးဖြတ်ချက်များအရ ဆောင်ရွက်နိုင်မည့် ဧက၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများနှင့် Export Zone ဆောင်ရွက်မည့် ကုမ္ပဏီ ၅၈ ခုက ဆန်စပါးမျိုး ဆောင်ရွက်မည့်ဒေသများ သတ်မှတ်နိုင်ခဲ့ပြီး ယခုဆွေးနွေးပွဲတွင် စိုက်ပျိုးဆောင်ရွက်မည့် ဆန်စပါးမျိုးများ အတည်ပြုသတ်မှတ်သွားရန်ဖြစ်ကြောင်း။

ထို့အတူ စပါးမျိုးစေ့ထုတ် လုပ်ငန်းများအတွက် တစ်ဧကလျှင် ၂ ဒသမ ၅ သိန်းနှုန်းဖြင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ရှိ အရင်းမပျောက်မတည်ငွေမှ ချေးငွေပေးပြီး ထွက်ရှိလာသော မျိုးများအား မျိုးစေ့ပေါက်ဈေးဖြင့် ညီမျှသော မျိုးစေ့ဝယ်ယူ၍ ပုဂ္ဂလိကဆန်စက်များမှ ဝယ်ယူသိုလှောင်ရေး ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့မှုအပေါ် အတည်ပြုဆောင်ရွက်ရန်ဖြစ်ကြောင်း၊ Export Zone များဆောင်ရွက်ရန် ရွေးချယ်သတ်မှတ်ထားသည့် နေရာများ၌ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ကြမည့် ဌာနအဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက်လုပ်ငန်းများကို ဂရုတစိုက် ကြပ်မတ်၍ စနစ်တကျလိုက်နာဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊Export Zone များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးရာတွင် မိမိတို့တာဝန်ထမ်းဆောင်နေကြရသည့် လုပ်ငန်းများပေါ်မူတည်၍ ကျွမ်းကျင်ရာ ရှုထောင့်အမျိုးမျိုးမှ ရှုမြင်ပြီး အဖြေရလဒ်ထွက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မျိုးစေ့ထုတ်လုပ်ငန်းရှင်များနှင့် မျိုးစေ့ထုတ် တောင်သူဦးကြီးများက ဆန်စပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Export Zone များ ဖော်ဆောင်ရေးအတွက် ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍**
**အပတ်စဉ် သတင်းထုတ်ပြန်ချက်(၅-၁-၂၀၂၆) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ(၂၈-၁၂-၂၀၂၅)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၄-၁-၂၀၂၆)ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

☆ ရှေ့ဖုံးမှ

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ချင်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်) | | | | |
| (၁) | ဦးပေါင်လွှန်းမင်ထန် | ၄/တဇန(နိုင်)၀၀၂၄၀၄ | အမှတ်(၁) | ဇိုမီးအမျိုးသားပါတီ |
| (၂) | ဦးထလာထန်း | ၄/ထတလ(နိုင်)၀၂၀၉၈၁ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ချင်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) | | | | |
| (၃) | ဦးကျင့်တုန်းမန် | ၅/တမန(နိုင်)၀၀၀၅၄၄ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးကီးပိုင်း | ၄/ကပလ(နိုင်)၀၀၀၀၂၆ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးအောင်မင်းနိုင် | ၆/ထဝန(နိုင်)၀၀၄၃၀၀ | အမှတ်(၉) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးဇော်လွှန်းအောင် | ၁၁/မပန(နိုင်)၀၅၉၁၇၃ | အမှတ်(၁၀) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဒေါ်ကျိန်ငိုက်မန် | ၉/မကန(နိုင်)၀၀၀၈၁၃ | အမှတ်(၁၁) | ဇိုမီးအမျိုးသားပါတီ |
| (၈) | ဦးနန်ခင်းဇမ် | ၄/တဇန(နိုင်)၀၀၁၂၅၆ | အမှတ်(၁၂) | ဇိုမီးအမျိုးသားပါတီ |
| ရခိုင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်) | | | | |
| (၉) | ဦးမင်းမင်းထွန်း | ၁၁/မအန(နိုင်)၀၄၄၁၆၆ | အမှတ်(၁) | ရခိုင့်ဦးဆောင်ပါတီ |
| (၁၀) | ဦးမြလင်း | ၁၁/ကဖန(နိုင်)၀၀၆၅၁၀ | အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးသန်းထွန်း | ၁၁/မတန(နိုင်)၀၀၀၇၁၃ | အမှတ်(၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) | | | | |
| (၁၂) | ဦးကျော်စိန် | ၁၁/ပဏတ(နိုင်)၀၀၃၆၅၃ | အမှတ်(၇) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးကျော်စိန်လှ | ၁၁/စတန(နိုင်)၀၄၇၇၅၂ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်မြမြသက် | ၁၁/စတန(နိုင်)၀၃၃၀၆၆ | အမှတ်(၉) | ရခိုင့်ဦးဆောင်ပါတီ |
| ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂) | | | | |
| (၁၅) | ဒေါက်တာခိုင်ခိုင်ဆု | ၁၂/ပဘတ(နိုင်)၀၃၁၅၃၄ | အမှတ်(၁၀) | ရခိုင့်ဦးဆောင်ပါတီ |
| (၁၆) | ဦးဇော်ဇော်မြင့် | ၃/ဘအန(နိုင်)၀၇၃၁၀၃ | အမှတ်(၁၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးအောင်သိန်းငွေ | ၁၁/ရဗန(နိုင်)၀၄၇၃၅၃ | အမှတ်(၁၂) | ရခိုင်တိုင်းရင်းသားများပါတီ |

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)
## အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | ၄၈၁၅ | ၂၅၁၃ | ၇၃၂၈ | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၂၀၁ | ၁၂၀၂ | ၄၄၀၃ | |
| | | ဦးပေါင်လွှန်းမင်ထန် | ဇိုမီးအမျိုးသားပါတီ | ၁၅၄၉ | ၄၄၁ | ၁၉၉၀ | ၂၇.၁၆% |
| | | ဦးလျန်ဇခုပ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၇၂ | ၆၇၈ | ၁၉၅၀ | ၂၆.၆၁% |
| | | ဦးကိုင်းခန့်မန် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၃၅၀ | ၇၂ | ၄၂၂ | ၂၁.၆၄% |
| | | ဦးအာကာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀ | ၁၁ | ၄၁ | ၀.၉၃% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၁၆၁၄ | ၁၃၁၁ | ၂၉၂၅ | |
| | | ဦးထလာထန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၁၀ | ၁၂၂၄ | ၂၅၃၄ | ၈၆.၆၃% |
| | | ဦးမျိုးသူရလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၄ | ၈၇ | ၃၉၁ | ၁၃.၃၇% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၃၂၈ / ၆ = ၁၂၂၁

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသောကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက်စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၇၃၂၈ | ၄ | | ၂ | ၆ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၄၈၄ | ၃ | ၈၂၁ | ၁ | ၄ | |
| | | ၂။ | ဇိုမီးအမျိုးသားပါတီ | ၁၉၉၀ | ၁ | ၇၆၉ | ၁ | ၂ | |
| | | ၃။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၃၂ | - | ၄၃၂ | - | - | |
| | | ၄။ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၄၂၂ | - | ၄၂၂ | - | - | |

ရှင်းလင်းချက်။ အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)
## အမျိုးသားလွှတ်တော်(မဲအများဆုံးရသူအနိုင်ယူစနစ်)ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | ၇၀၆၁၈ | ၁၅၀၁၇ | ၈၅၆၃၅ | |
| ၁ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၀၁၂၈ | ၂၆၂၉ | ၃၂၇၅၇ | |
| | | ဦးမင်းမင်းထွန်း | ရခိုင့်ဦးဆောင်ပါတီ | ၁၁၀၂၈ | ၉၅၈ | ၁၁၉၈၆ | ၃၆.၅၉% |
| | | ဦးတင်ညို | ရခိုင်တိုင်းရင်းသားများပါတီ | ၉၃၈၈ | ၅၇၉ | ၉၉၆၇ | ၃၀.၄၃% |
| | | ဒေါက်တာခင်စိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၁၁၆ | ၁၀၄၆ | ၉၁၆၂ | ၂၇.၉၇% |
| | | ဦးတင်ထက်လှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၉၆ | ၄၆ | ၁၆၄၂ | ၅.၀၁% |

စာမျက်နှာ ၇ သို့ ○

○ စာမျက်နှာ ၆ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၉၅၅၄ | ၃၄၇၅ | ၁၃၀၂၉ | |
| | | ဦးမြလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၂၇ | ၃၀၂၇ | ၆၂၅၄ | ၄၈.၀၀% |
| | | ဦးတင်ထွန်း | ရခိုင့်ဦးဆောင်ပါတီ | ၃၈၈၇ | ၂၃၈ | ၄၁၂၅ | ၃၁.၆၆% |
| | | ဦးဘရှိန် | ရခိုင်တိုင်းရင်းသားများပါတီ | ၂၄၄၀ | ၂၁၀ | ၂၆၅၀ | ၂၀.၃၄% |
| ၃ | မဲဆန္ဒနယ်အမှတ်(၃) | | | ၃၀၉၃၆ | ၈၉၁၇ | ၃၉၈၅၃ | |
| | | ဦးသန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၈၈၇ | ၇၉၅၉ | ၂၃၈၄၆ | ၅၉.၈၃% |
| | | ဒေါက်တာအေးမောင် | ရခိုင့်ဦးဆောင်ပါတီ | ၇၇၄၂ | ၆၀၄ | ၈၃၄၆ | ၂၀.၉၄% |
| | | ဦးအောင်မြတ်သူ | ရခိုင်တိုင်းရင်းသားများပါတီ | ၄၇၇၀ | ၂၀၂ | ၄၉၇၂ | ၁၂.၄၈% |
| | | ဦးဆွေဆန်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၇၆ | ၁၁၄ | ၁၆၉၀ | ၄.၂၄% |
| | | ဒေါ်ညိုမာဝင်း | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၉၆၁ | ၃၈ | ၉၉၉ | ၂.၅၁% |

## ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၉၈၅၃ / ၃ = ၁၃၂၈၄

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၉၈၅၃ | ၁ | | ၂ | ၃ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၈၄၆ | ၁ | ၁၀၅၆၂ | ၁ | ၂ | |
| | | ၂။ | ရခိုင့်ဦးဆောင်ပါတီ | ၈၃၄၆ | - | ၈၃၄၆ | ၁ | ၁ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၄၉၇၂ | - | ၄၉၇၂ | - | - | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၉၀ | - | ၁၆၉၀ | - | - | |
| | | ၅။ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၉၉၉ | - | ၉၉၉ | - | - | |

ရှင်းလင်းချက် ။ (၁) ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၃)၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၇၈၆ / ၃ = ၁၅၂၆၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲ အရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၄၅၇၈၆ | ၂ | | ၁ | ၃ | |
| | | ၁။ | ရခိုင့်ဦးဆောင်ပါတီ | ၁၆၁၁၁ | ၁ | ၈၄၉ | - | ၁ | |
| | | ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၄၁၆ | ၁ | ၁၅၄ | - | ၁ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၂၆၁၇ | - | ၁၂၆၁၇ | ၁ | ၁ | |
| | | ၄။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၄၂ | - | ၁၆၄၂ | - | - | |

ရှင်းလင်းချက် ။ (၁) ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်အမှတ်(၁)နှင့် မဲဆန္ဒနယ်အမှတ်(၂)တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါကြေညာချက်အမှတ် (၇/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၈ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးပေါင်ဇလန်း | ၁၃/ရစန(နိုင်) ၀၀၃၃၀၅ | တီးတိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ဒီမိုအမျိုးသားပါတီ |
| (၂) | ဒေါက်တာ ဝုန်ဆွန်းထန် | ၁၂/ပဇတ(နိုင်) ၀၁၈၉၂၇ | ဟားခါးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ချင်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၃) | ဦးကောလ်လျန်ထန်း | ၄/ဖလန(နိုင်) ၀၀၄၁၉၄ | ပလက်ဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးဆန်အုပ်မန်း | ၄/ထတလ(နိုင်) ၀၂၇၀၄၂ | ဟားခါးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးသန့်စင်ဦး | ၉/ပမန(နိုင်) ၁၈၆၇၆၇ | မတူပီမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးတင်ကာကျင် | ၄/မတပ(နိုင်) ၀၀၀၁၇၁ | တီးတိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးအောင်ကျော်ငွေး | ၁၂/ရပသ(နိုင်) ၀၅၁၄၄၁ | ထန်တလန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးထန်ရှင်းထောင်း | ၄/တတန(နိုင်) ၀၅၁၄၂၅ | မင်းတပ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဒီမိုအမျိုးသားပါတီ |
| (၉) | ဦးဇမ်းရှင်းဒါလ်း | ၄/တတန(နိုင်) ၀၀၀၆၅၅ | တွန်းဇံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဒီမိုအမျိုးသားပါတီ |
| (၁၀) | ဦးဒါးလ်လမ်းမုန် | ၅/ကလထ(နိုင်) ၂၈၅၉၆၃ | ကန်ပက်လက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဒီမိုအမျိုးသားပါတီ |
| (၁၁) | ဦးဝမ်းလျန်းထန် | ၉/မရမ(နိုင်) ၀၀၈၀၉၂ | ဖလမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ချင်းပြည်သစ်ကွန်ဂရက်ပါတီ |
| **ရခိုင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဦးကျော်ဆွေလင်း | ၁၁/ကဖန(နိုင်) ၀၄၂၆၄၃ | ကျောက်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးနိုင်ဦး | ၁၂/သကတ(နိုင်) ၁၂၁၁၁၅ | စစ်တွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးထွန်းဝင်း | ၁၁/မအန(နိုင်) ၀၂၁၄၇၉ | မာန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရခိုင့်ဦးဆောင်ပါတီ |
| **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )** | | | | |
| (၁၅) | ဒေါက်တာစန်းရွှေ | ၁၁/စတန(နိုင်) ၀၁၄၉၁၅ | စစ်တွေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးကျော်စိုး | ၁၁/စတန(နိုင်) ၀၃၁၁၉၅ | မြောက်ဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးမြင့်စိုးဝင်း | ၁၁/ပဏတ(နိုင်) ၀၅၂၈၁၂ | ကျောက်တော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးသာထွန်း | ၁၁/မပတ(နိုင်) ၀၁၉၆၀၄ | ပေါက်တောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးထင်လင်းဦး | ၁၁/ကဖန(နိုင်) ၀၃၇၃၇၆ | မြေပုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးစောသိန်းထွန်း | ၁၁/စတန(နိုင်) ၀၆၂၄၀၇ | မင်းပြားမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးတင်မောင်ဝင်း | ၁၂/သခန(နိုင်) ၁၀၀၈၃၄ | ဘူးသီးတောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၂) | ဦးအေးသာအောင် | ၁၁/ပတန(နိုင်) ၀၃၈၅၄၇ | ပုဏ္ဏားကျွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၃) | ဦးဘစံ | ၁၁/စတန(နိုင်) ၀၅၀၅၆၈ | ရသေ့တောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများပါတီ |
| (၂၄) | ဦးအောင်ကျော်ဇော | ၁၁/ဘသတ(နိုင်) ၀၁၂၅၂၆ | မောင်တောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများပါတီ |
| **ရခိုင်ပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၂ )** | | | | |
| (၂၅) | ဒေါ်ခိုင်ဇင်ဦး | ၇/ပမန(နိုင်) ၀၀၅၇၁၄ | ရမ်းဗြဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးမြသန်း | ၁၁/မတန(နိုင်) ၀၀၀၈၆၀ | အမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးဇော်ဇော်အောင် | ၁၁/တကန(နိုင်) ၀၇၃၈၃၉ | သံတွဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးအောင်စောသိန်း | ၁၁/ကဖန(နိုင်) ၀၄၂၇၇၇ | ကျောက်ဖြူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၂၉) | ဦးသိန်းမြင့် | ၁၁/ကဖန(နိုင်) ၀၂၂၆၀၀ | ဂွမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင့်ဦးဆောင်ပါတီ |
| (၃၀) | ဦးဇော်လင်းအောင် | ၁၁/ကဖန(နိုင်) ၁၅၅၆၃၄ | တောင်ကုတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများပါတီ |
| (၃၁) | ဒေါ်ချိုသဲမွန် | ၉/မထလ(နိုင်) ၁၈၉၁၉၈ | မာန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရခိုင်တိုင်းရင်းသားများပါတီ |
| **ရခိုင်ပြည်နယ်လွှတ်တော်(ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)** | | | | |
| (၃၂) | ဦးတင်လှ | ၁၁/မပတ(နိုင်) ၀၀၁၇၃၃ | ချင်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)
## ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | |
| ၁ | တီးတိန် | | | ၃၂၀၁ | ၁၀၄၅ | ၄၂၄၆ | |
| | | ဦးပေါင်ဇလန်း | ဒီမိုအမျိုးသားပါတီ | ၁၆၄၂ | ၃၃၅ | ၁၉၇၇ | ၄၆.၅၆% |
| | | ဒေါက်တာကောင်းထက်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၉၉ | ၆၄၆ | ၁၉၄၅ | ၄၅.၈၁% |
| | | ဒေါ်ဝုန်သွယ်ကိမ် | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၂၆၀ | ၆၄ | ၃၂၄ | ၇.၆၃% |
| ၂ | ဟားခါး | | | ၁၆၀၆ | ၁၂၃၂ | ၂၈၃၈ | |
| | | ဒေါက်တာဝုန်ဆွန်းထန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၁၅ | ၁၀၅၅ | ၂၀၇၀ | ၇၂.၉၄% |
| | | ဦးလျန်ကျဲအို | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၅၉၁ | ၁၇၇ | ၇၆၈ | ၂၇.၀၆% |

စာမျက်နှာ ၉ သို့ ☆

✰ စာမျက်နှာ ၈ မှ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၇၀၈၄ / ၉ = ၇၈၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ချင်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၇၀၈၄ | ၈ | | ၁ | ၉ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၁၅ | ၅ | ၈၀ | - | ၅ | |
| | | ၂။ | ဇိုမီးအမျိုးသားပါတီ | ၁၉၇၇ | ၂ | ၄၀၃ | ၁ | ၃ | |
| | | ၃။ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၁၀၉၂ | ၁ | ၃၀၅ | - | ၁ | |

ရှင်းလင်းချက်။ အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲအများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာနိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | |
| ၁ | ကျောက်ဖြူမြို့နယ် | | | ၉၅၅၉ | ၃၄၇၄ | ၁၃၀၃၃ | |
| | | ဦးကျော်ဆွေလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၉၅၈ | ၃၀၅၈ | ၇၀၁၆ | ၅၃.၈၃% |
| | | ဦးခင်စော | ရခိုင့်ဦးဆောင်ပါတီ | ၃၅၁၇ | ၂၄၀ | ၃၇၅၇ | ၂၈.၈၃% |
| | | ဦးတင်ရွှေ | ရခိုင်တိုင်းရင်းသားများပါတီ | ၂၀၈၄ | ၁၇၆ | ၂၂၆၀ | ၁၇.၃၄% |
| ၂ | စစ်တွေမြို့နယ် | | | ၃၀၉၅၀ | ၈၉၃၅ | ၃၉၈၈၅ | |
| | | ဦးနိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၉၃၃ | ၈၁၂၀ | ၂၅၀၅၃ | ၆၂.၈၁% |
| | | ဦးသိန်းထွန်းဦး | ရခိုင့်ဦးဆောင်ပါတီ | ၈၁၃၇ | ၅၄၅ | ၈၆၈၂ | ၂၁.၇၇% |
| | | ဦးဇော်ထွန်း | ရခိုင်တိုင်းရင်းသားများပါတီ | ၅၈၈၀ | ၂၇၀ | ၆၁၅၀ | ၁၅.၄၂% |
| ၃ | မာန်အောင်မြို့နယ် | | | ၃၀၁၂၉ | ၂၆၂၅ | ၃၂၇၅၄ | |
| | | ဦးထွန်းဝင်း | ရခိုင့်ဦးဆောင်ပါတီ | ၁၁၂၆၃ | ၈၆၄ | ၁၂၁၂၇ | ၃၇.၀၂% |
| | | ဒေါ်ကြည်ကြည်ဇင် | ရခိုင်တိုင်းရင်းသားများပါတီ | ၁၀၁၀၁ | ၆၁၉ | ၁၀၇၂၀ | ၃၂.၇၃% |
| | | ဦးမောင်တင်အေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၇၆၅ | ၁၁၄၂ | ၉၉၀၇ | ၃၀.၂၅% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)
## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၃၉၈၈၅ / ၁၀ = ၃၉၈၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၃၉၈၈၅ | ၉ | | ၁ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၀၅၃ | ၆ | ၁၁၂၅ | | ၆ | |
| | | ၂။ | ရခိုင့်ဦးဆောင်ပါတီ | ၈၆၈၂ | ၂ | ၇၀၆ | - | ၂ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၆၁၅၀ | ၁ | ၂၁၆၂ | ၁ | ၂ | |

ရှင်းလင်းချက် ။ (၁) ရခိုင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် စစ်တွေမြို့နယ်မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲအများ အနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၂၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/၂၀၂၆)ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၀ သို့ ✰

☆ စာမျက်နှာ ၉ မှ

## တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်)၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၄၅၇၈၇ / ၇ = ၆၅၄၁

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၄၅၇၈၇ | ၅ | | ၂ | ၇ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၉၂၃ | ၂ | ၃၈၄၁ | ၁ | ၃ | |
| | | ၂။ | ရခိုင်ဦးဆောင်ပါတီ | ၁၅၈၈၄ | ၂ | ၂၈၀၂ | - | ၂ | |
| | | ၃။ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၂၉၈၀ | ၁ | ၆၄၃၉ | ၁ | ၂ | |

ရှင်းလင်းချက် ။ (၁) ရခိုင်ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများ အနည်းအပေါ်မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၅-၁-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် (၈/ ၂၀၁၆ )ဖြင့် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ်အမည် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | | | |
| ၁ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | | | ၄၆၂ | ၁၁၇ | ၇၅၉ | |
| | | ဦးတင်လှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၇ | ၁၀၃ | ၅၇၀ | ၇၅.၁၀% |
| | | ဦးကြည်တင် | ရခိုင်တိုင်းရင်းသားများပါတီ | ၁၇၅ | ၁၄ | ၁၈၉ | ၂၄.၉၀% |

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော အရာရှိ၊ စစ်သည်များနှင့် အမွေခံများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော် ဇန်နဝါရီ ၅

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသော အရာရှိ၊ စစ်သည်များနှင့် အမွေခံမိသားစုဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝအလေးပြုကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

## မိဘခြေရာခံယူပွဲနှင့် မိဘမေတ္တာမဂ္ဂဇင်း အမှတ်(၃) အမှတ်တရလက်မှတ်ထိုး ရောင်းချ

မန္တလေး ဇန်နဝါရီ ၅

ကဗျာဆရာ နေရစ်သော် (ဟသ်ာတ) ရေဝတီ(ပရဟိတ) ဟသ်ာတရွှေကျောင်းဆရာတော် အရှင်နန္ဒဝံသ (ဂန္ထဝါစကပဏ္ဍိတ၊ သာသနဇဓမ္မာစရိယ၊ M.A) ဦးစီးကျင်းပသည့် သတ္တမအကြိမ် (ပြာသိုလပြည့်နေ့) မိဘခြေရာခံယူပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၉လမ်း၊ ၁၁၇ လမ်းနှင့် ၁၁၈လမ်းကြားရှိ ရေဝတီ(ပရဟိတ) ဟသ်ာတရွှေကျောင်းတွင် ကျင်းပရာ ရေဝတီ (ပရဟိတ)ဟသ်ာတရွှေကျောင်းဆရာတော်နှင့် ရဟန်းစာဆိုများ၊ အမျိုးသားစာပေဆုရှင် စာရေးဆရာ၊ ဆရာမများ၊ အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီ၊ ကာတွန်းဆရာများ၊ ဖိတ်ကြားထားသူများ၊ မိဘမေတ္တာ ခြေရာခံယူလိုသူများနှင့် မိဘများ တက်ရောက်ကြ သည်။

မိဘမေတ္တာခြေရာခံယူပွဲတွင် မိဘများအား သား၊သမီး၊ ဆွေမျိုးများက အမှတ်တရ ခြေရာခံယူကြရာ ရေဝတီ(ပရဟိတ) ဟသ်ာတရွှေကျောင်း၏ အလှူရှင်များနှင့် ဝေယျာဝစ္စပြုသူများက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည်။

ထို့နောက် မိဘမေတ္တာမဂ္ဂဇင်း အမှတ်(၃)အား စီစဉ်သူအဖွဲ့မှ ရောင်းဈေးငွေကျပ် ငါးသောင်းကို ၃၀ ရာခိုင်နှုန်း အထူးလျှော့ဈေးငွေကျပ် ၃၅,၀၀၀ ဖြင့် ရောင်းချပေးကာ ပါဝင်ရေးသားသူ စာရေးဆရာ၊ စာရေးဆရာမများက အမှတ်တရလက်မှတ်များ ရေးထိုးပေးကြပြီး တက်ရောက်လာသူများအား ဟသ်ာတမုန့်ဟင်းခါး၊ ကော်ဖီ၊ အချိုမုန့်များဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

(၀၇၀)

၀-၀-၀-၀-၀

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

(ယမန်နေ့မှ အဆက်)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | တာချီလိတ်မြို့နယ် | | | ၅၅၀၆၉ | ၄၇၇၉ | ၅၉၈၄၈ | |
| | | ဦးကျော်ငြိမ်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၆၆၆ | ၃၈၁၁ | ၃၀၄၇၇ | ၅၀.၉၂% |
| | | ဒေါ်တိုးတိုးမြင့်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၉၂၃ | ၅၉၂ | ၂၀၅၁၅ | ၃၄.၂၈% |
| | | ဒေါ်ယဉ်မေသူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၄၈၀ | ၃၇၆ | ၈၈၅၆ | ၁၄.၈၀% |
| ၆ | တောင်ကြီးမြို့နယ် | | | ၁၇၁၄၁၁ | ၁၂၉၅၀ | ၁၈၄၃၆၁ | |
| | | နန်းကျင်း(ခ)နန်းစိန် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၆၆၄၉၆ | ၂၂၉၅ | ၆၈၇၉၁ | ၃၇.၃၁% |
| | | ဦးအောင်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၂၅၄ | ၈၁၈၃ | ၅၂၄၃၇ | ၂၈.၄၄% |
| | | ဦးကျော်ဇေယျာဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၁၈၃၀ | ၃၀၈ | ၁၂၁၃၈ | ၆.၅၉% |
| | | ဦးသောင်းတင်(ခ)သောင်းတင်ရီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၆၀၁ | ၅၆၉ | ၁၁၁၇၀ | ၆.၀၆% |
| | | ဦးဝင်းနိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၆၂၈ | ၄၉၃ | ၁၀၁၂၁ | ၅.၄၉% |
| | | ဒေါ်နီလာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၆၉၃ | ၄၄၄ | ၉၁၃၇ | ၄.၉၆% |
| | | ဦးဝင်းကြည် | တစ်သီးပုဂ္ဂလ | ၈၄၃၆ | ၃၂၈ | ၈၇၆၄ | ၄.၇၅% |
| | | ဒေါ်နန်းလန်းနွန်း | ပြည်သူ့ပါတီ | ၇၄၁၃ | ၂၆၀ | ၇၆၇၃ | ၄.၁၆% |
| | | ဦးဆန်းဘုန်း | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၄၀၆၀ | ၇၀ | ၄၁၃၀ | ၂.၂၄% |
| ၇ | နမ့်စန်မြို့နယ် | | | ၃၅၃၃၇ | ၅၂၄၁ | ၄၀၅၇၈ | |
| | | ဦးဌေးလွင်(ခ)ဦးဒီလုံး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၅၇၆ | ၄၅၅၂ | ၂၃၁၂၈ | ၅၇.၀၀% |
| | | စိုင်းနော်မိုင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၈၅၅ | ၃၅၂ | ၁၀၂၀၇ | ၂၅.၁၅% |
| | | နန်းခမ်းလေ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၄၈၃ | ၁၂၆ | ၃၆၀၉ | ၈.၈၉% |
| | | နန်းချစ်သဲနု | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၀၂ | ၁၀၃ | ၂၁၀၅ | ၅.၁၉% |
| | | ဦးစိုင်းသူရကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၂၁ | ၁၀၈ | ၁၅၂၉ | ၃.၇၇% |
| ၈ | မူဆယ်မြို့နယ် | | | ၂၂၅၉၂ | ၂၀၀၀ | ၂၄၅၉၂ | |
| | | ဦးအောင်ဇော်မိုး(ခ)<br>အောင်ဇော်မိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၂၂၅ | ၁၇၃၆ | ၁၂၉၆၁ | ၅၂.၇၀% |
| | | ဦးစိုင်းဘိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၆၇ | ၂၆၄ | ၁၁၆၃၁ | ၄၇.၃၀% |
| ၉ | မိုင်းဆတ်မြို့နယ် | | | ၃၃၇၅၄ | ၄၆၃၉ | ၃၈၃၉၃ | |
| | | စိုင်းမိုးဇော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၃၉၉ | ၄၀၉၂ | ၂၉၄၉၁ | ၇၆.၈၁% |
| | | ဦးကျော်ဆန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၉၁ | ၂၄၆ | ၄၉၃၇ | ၁၂.၈၆% |
| | | စိုင်းငင်းဆိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၆၆၄ | ၃၀၁ | ၃၉၆၅ | ၁၀.၃၃% |
| ၁၀ | လားရှိုးမြို့နယ် | | | ၂၉၈၈၀ | ၅၇၃၇ | ၃၅၆၁၇ | |
| | | ဒေါက်တာမျိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၀၄၄ | ၄၅၄၀ | ၁၉၅၈၄ | ၅၄.၉၈% |
| | | ဦးစိုးမင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၁၅၆ | ၆၆၅ | ၆၈၂၁ | ၁၉.၁၅% |
| | | ဒေါ်ကေသီအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၈၀၂ | ၃၄၈ | ၅၁၅၀ | ၁၄.၄၆% |
| | | ဦးရှောင်ဂူး | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၂၁၇၆ | ၅၆ | ၂၂၃၂ | ၆.၂၇% |
| | | ဦးမြင့်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၂ | ၁၂၈ | ၁၈၃၀ | ၅.၁၄% |
| ၁၁ | လင်းခေးမြို့နယ် | | | ၁၅၂၁၀ | ၃၁၅၅ | ၁၈၃၆၅ | |
| | | စိုင်းထွန်းစံ(ခ)စိုင်းဆေဟန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၆၈၀ | ၁၀၅၃ | ၉၇၃၃ | ၅၃.၀၀% |
| | | စိုင်းမြင့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၃၀ | ၂၁၀၂ | ၈၆၃၂ | ၄၇.၀၀% |
| ၁၂ | လွိုင်လင်မြို့နယ် | | | ၃၂၂၅၃ | ၃၇၅၈ | ၃၆၀၁၁ | |
| | | ဦးခွန်အောင်ဆန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၅၆၁၄ | ၆၅၂ | ၁၆၂၆၆ | ၄၅.၁၇% |
| | | ဦးခင်မောင်သီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၅၁ | ၂၄၂၁ | ၈၉၇၂ | ၂၄.၉၂% |
| | | စိုင်းစိုးတင့်(ခ) စိုင်းခမ်းပန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၂၅ | ၅၀၆ | ၈၄၃၁ | ၂၃.၄၁% |
| | | နန်းခဲ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၁၁ | ၉၉ | ၁၅၁၀ | ၄.၁၉% |
| | | ဦးဇော်မိုးလတ် | တစ်သီးပုဂ္ဂလ | ၇၅၂ | ၈၀ | ၈၃၂ | ၂.၃၁% |
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၁၃ | ကျုံပျော်မြို့နယ် | | | ၁၀၂၆၁၆ | ၆၀၅၄ | ၁၀၈၆၇၀ | |
| | | ဦးဇော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၉၀၂ | ၃၅၇၀ | ၃၉၄၇၂ | ၃၆.၃၂% |
| | | ဦးမျိုးသိန်း | ကရင်ပြည်သူ့ပါတီ | ၁၈၂၀၅ | ၆၈၆ | ၁၈၈၉၁ | ၁၇.၃၉% |
| | | ဦးကိုကိုထက် | ပြည်သူ့ပါတီ | ၁၃၀၁၁ | ၃၃၄ | ၁၃၃၄၅ | ၁၂.၃၀% |
| | | ဒေါ်အမာဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၃၃၉ | ၄၁၂ | ၁၀၇၅၁ | ၉.၈၉% |
| | | နန့်သန်းမြင့်ကြည် | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | ၇၈၄၁ | ၃၂၈ | ၈၁၆၉ | ၇.၅၂% |
| | | ဦးကြိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၉၃၆ | ၃၀၅ | ၇၂၄၁ | ၆.၆၆% |
| | | ဦးစံရှိန် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၃၈၅ | ၃၄၁ | ၆၇၂၆ | ၆.၁၉% |
| | | ဒေါ်ငြိမ်းငြိမ်းအိ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၉၇၇ | ၇၈ | ၄၀၅၅ | ၃.၇၃% |
| ၁၄ | ပုသိမ်မြို့နယ် | | | ၁၃၂၆၃၄ | ၁၀၄၁၉ | ၁၄၃၀၅၃ | |
| | | ဦးသန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၉၃၁၆ | ၇၈၉၀ | ၅၇၂၀၆ | ၃၉.၉၉% |
| | | ဦးကျော်မောင်မောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄၈၇၀ | ၅၂၁ | ၁၅၃၉၁ | ၁၀.၇၆% |
| | | ဦးမြင့်စိုးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၇၇၇ | ၄၂၁ | ၁၃၁၉၈ | ၉.၂၃% |
| | | စောလောလ | ကရင်ပြည်သူ့ပါတီ | ၁၂၅၂၇ | ၄၃၈ | ၁၂၉၆၅ | ၉.၀၆% |
| | | ဦးအောင်စိုး | ပြည်သူ့ပါတီ | ၁၁၀၂၀ | ၂၃၁ | ၁၁၂၅၁ | ၇.၈၆% |
| | | ဦးနေဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | ၈၁၅၈ | ၂၁၄ | ၈၃၇၂ | ၅.၈၅% |
| | | ဦးအောင်မင်းနိုင် | တစ်သီးပုဂ္ဂလ | ၇၈၂၀ | ၁၉၂ | ၈၀၁၂ | ၅.၆၀% |
| | | ဦးတင်ဖေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၅၇၄ | ၂၃၀ | ၆၈၀၄ | ၄.၇၆% |
| | | ဦးတင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၇၁ | ၁၅၆ | ၅၈၂၇ | ၄.၀၇% |
| | | ဦးအေးဝင်း(ခ)ဦးဝင်းကြည် | တစ်သီးပုဂ္ဂလ | ၃၉၀၁ | ၁၂၆ | ၄၀၂၇ | ၂.၈၂% |

စာမျက်နှာ ၁၂ သို့ »»

»» စာမျက်နှာ ၁၁ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၅ | မအူပင်မြို့နယ် | | | ၁၃၉၈၁၂ | ၅၂၈၂ | ၁၄၅၀၉၄ | |
| | | ဦးကံမြင့်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၈၇၄၃ | ၄၂၂၃ | ၈၂၉၆၆ | ၅၇.၁၈% |
| | | ဦးဖြိုးဝေစိုး | ပြည်သူ့ပါတီ | ၁၇၇၂၂ | ၂၇၅ | ၁၇၉၉၇ | ၁၂.၄၀% |
| | | ဦးဝင်းစိန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၃၉၈ | ၂၈၄ | ၁၄၆၈၂ | ၁၀.၁၂% |
| | | နော်မိုးမိုးဆန်း | ခေတ်သစ်ပြည်သူ့ပါတီ | ၈၅၄၈ | ၁၃၀ | ၈၆၇၈ | ၅.၉၈% |
| | | ဦးလင်းမင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၈၇၇ | ၁၆၉ | ၇၀၄၆ | ၄.၈၆% |
| | | ဦးစိုးလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၈၉၄ | ၈၈ | ၆၉၈၂ | ၄.၈၁% |
| | | ဦးမင်းမင်းဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၆၃၀ | ၁၁၃ | ၆၇၄၃ | ၄.၆၅% |
| ၁၆ | မြောင်းမြမြို့နယ် | | | ၁၃၄၈၆၃ | ၄၇၂၆ | ၁၃၉၅၈၉ | |
| | | ဒေါ်မြင့်စန္ဒာအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၁၄၃ | ၂၃၅၉ | ၅၀၅၀၂ | ၃၆.၁၈% |
| | | ဦးအောင်ခင် | ကရင်ပြည်သူ့ပါတီ | ၂၇၆၂၁ | ၈၇၄ | ၂၈၄၉၅ | ၂၀.၄၁% |
| | | ဦးလှထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၇၄၀ | ၅၁၁ | ၁၉၂၅၁ | ၁၃.၇၉% |
| | | ဦးထွန်းမြတ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၂၇၄ | ၄၄၇ | ၁၃၇၂၁ | ၉.၈၃% |
| | | ဒေါ်ခင်မာဆွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၆၇၄ | ၁၃၉ | ၉၈၁၃ | ၇.၀၃% |
| | | ဦးသီဟ | ပြည်သူ့ပါတီ | ၈၉၄၇ | ၁၅၂ | ၉၀၉၉ | ၆.၅၂% |
| | | ဦးမင်းခေါင်သန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၄၆၄ | ၂၄၄ | ၈၇၀၈ | ၆.၂၄% |
| ၁၇ | ကြံခင်းမြို့နယ် | | | ၄၄၆၅၉ | ၂၀၃၆ | ၄၆၆၉၅ | |
| | | ဦးနိုင်မင်းဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၁၀၄ | ၅၉၁ | ၁၇၆၉၅ | ၃၇.၈၉% |
| | | ဦးမျိုးမင်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၈၆၅ | ၁၀၅၅ | ၁၄၉၂၀ | ၃၁.၉၅% |
| | | ဒေါက်တာဦးတင်မောင်ကြိုင် | ပြည်သူ့ပါတီ | ၉၀၁၇ | ၂၆၀ | ၉၂၇၇ | ၁၉.၈၇% |
| | | ဦးလမင်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၇၃ | ၁၃၀ | ၄၈၀၃ | ၁၀.၂၉% |
| ၁၈ | မြန်အောင်မြို့နယ် | | | ၉၇၂၀၆ | ၅၁၁၁ | ၁၀၂၃၁၇ | |
| | | ဦးအောင်ဝင်းဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၅၇၀ | ၃၂၇၄ | ၄၃၈၄၄ | ၄၂.၈၅% |
| | | ဒေါ်ခင်ယုံ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၁၇၂ | ၈၃၅ | ၂၄၀၀၇ | ၂၃.၄၇% |
| | | ဦးအောင်ကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၇၁ | ၅၉၁ | ၁၇၆၆၂ | ၁၇.၂၆% |
| | | ဦးမြင့်ခိုင် | ပြည်သူ့ပါတီ | ၁၆၃၉၃ | ၄၁၁ | ၁၆၈၀၄ | ၁၆.၄၂% |
| ၁၉ | လပွတ္တာမြို့နယ် | | | ၁၀၈၉၃၆ | ၃၃၂၃ | ၁၁၂၂၅၉ | |
| | | ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၀၄၇ | ၂၂၂၉ | ၄၈၂၇၆ | ၄၃.၀၁% |
| | | ဒေါ်ကျော့ကျော့စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၀၉၉ | ၃၄၃ | ၂၃၄၄၂ | ၂၀.၈၈% |
| | | ဦးကျော်လှိုင်ထွေး | ပြည်သူ့ပါတီ | ၁၀၆၁၂ | ၁၅၈ | ၁၀၇၇၀ | ၉.၅၉% |
| | | စဂျင်မီဦး | ကရင်ပြည်သူ့ပါတီ | ၉၀၀၁ | ၁၃၀ | ၉၁၃၁ | ၈.၁၃% |
| | | ဦးကျော်သန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၆၁ | ၁၇၅ | ၇၈၃၆ | ၆.၉၈% |
| | | ဦးနေထက်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၅၀၉ | ၂၄၃ | ၇၇၅၂ | ၆.၉၁% |
| | | ဦးချစ်မင်းဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၀၀၇ | ၄၅ | ၅၀၅၂ | ၄.၅၀% |
| ၂၀ | ဟသ်ာတမြို့နယ် | | | ၁၃၀၇၄၃ | ၄၄၈၆ | ၁၃၅၂၂၉ | |
| | | ဦးဌေးဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၃၉၆၇ | ၃၀၀၉ | ၅၆၉၇၆ | ၄၂.၁၃% |
| | | ဒေါ်ခင်အေးမွန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၆၃၇ | ၄၈၄ | ၂၄၁၂၁ | ၁၇.၈၄% |
| | | ဦးအောင်ကျော်လွင် | ပြည်သူ့ပါတီ | ၁၆၉၉၅ | ၂၅၉ | ၁၇၂၅၄ | ၁၂.၇၆% |
| | | ဒေါက်တာနမ့်ခင်သင်းစု | ကရင်ပြည်သူ့ပါတီ | ၁၀၅၉၁ | ၁၈၃ | ၁၀၇၇၄ | ၇.၉၇% |
| | | ဒေါ်သန္တာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၃၄၇ | ၂၇၉ | ၁၀၆၂၆ | ၇.၈၆% |
| | | ဦးဇင်ဗိုလ်ဗိုလ်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၀၉၄ | ၁၉၈ | ၉၂၉၂ | ၆.၈၇% |
| | | ဒေါ်လင်းလင်းထက်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၁၁၂ | ၇၄ | ၆၁၈၆ | ၄.၅၇% |

## တိုင်းဒေသကြီး ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေများဖြင့် ဆောင်ရွက်သောလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**တောင်တွင်းကြီး ဇန်နဝါရီ ၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေများဖြင့် ဆောင်ရွက်သည့် တံတားလုပ်ငန်းများအား ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမိုးထိုက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် အဖွဲ့သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၉၅ ဒသမ ၅၀၀ သန်းဖြင့် ပြည်အောင်ကုမ္ပဏီမှ ဆောင်ရွက်သည့် ပွင့်လှလေး-ပွင့်လှကြီးလမ်းပေါ်ရှိ ယင်းမလည်ချောင်းကူးသံကူကွန်ကရစ်တံတား (၁၈ ဒသမ၂၈၈m ) ပေ ၆၀ တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအားလည်းကောင်း၊ ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၇၀၀ ဒသမ ၀၀၀ သန်းဖြင့် တံတားတည်ဆောက်ရေးအဖွဲ့မှ ဆောင်ရွက်သော တောင်တွင်း-မကွေး ကားလမ်းမှ မြင်းစုလမ်းပေါ်ရှိ Ubmersible Bridge ပေ ၄၀၀ တစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းခွင်အားလည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(မိသနိုးမြေ)**



## (၃၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေး၊ မဟာမြိုင်(၁) ရပ်ကွက်နေပြည်သူများ စုပေါင်း၍ (၃၈)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ပြာသိုလပြည့် နံနက် ၄ နာရီခွဲက ၃၅လမ်းနှင့် ၆၉ လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ခရမ်းသီးနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် ငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထု ငွေကျပ် ၁၁၀၀၀၀ နှင့် စာရေးတံမဲ ၁၁ မဲကို ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ ဒေါ်ယုယုဇော် (ပီတိသုခမိသားစု)၊ လစဉ်-လဆန်း ၁ ရက်တိုင်း ကြက်သားအလှူရှင် ဦးမျိုးဝင်း+ ဒေါ်အိအိချော (ကောင်းထက်မဟာမိသားစုများ)၊ ကာဗာတိုင်းပြည်မိသားစုများ၊ ဦးအောင်သန်းလှိုင်+ ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင် (ရွှေသစ်ပင် ဟိုတယ်)မိသားစုများ၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး မိခင်ကြီး ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဖခင်ကြီး ဦးချိန်စီ+မိခင်ကြီး ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ (သား)မောင်ကျော်သက်ဦး မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကို ညီအစ်ကိုမောင်နှမ တစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော်ဦးအမျိုးသမီးအဆောင်)မိသားစုများ၊ ဦးစံသာ+ဒေါ်အုန်းစိန်တို့အား ရည်စူး၍ Golden Key Cafe မိသားစု၊ ရပ်ကွက်နေပြည်သူများနှင့် ဘုံဆွမ်းလောင်း အသင်းသူ၊ အသင်းသားများက လောင်းလှူခဲ့ကြကြောင်းသိရသည်။

**(အောက်ပုံ)**

**(ဝ၄ဝ)**



## မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင် ပရိယတ္တိသဒ္ဓမ္မမာမကအသင်းကြီး (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာအခမ်းအနား ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင် ပရိယတ္တိသဒ္ဓမ္မမာမက အသင်းကြီး (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာအခမ်းအနား ဖေဖော်ဝါရီ ၁၅ ရက် တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်သည်။

အသင်းကြီး၏ ငွေရတု ပူဇာမင်္ဂလာအခမ်းအနားတွင် အဘိဓံသ၊ အဘိဓံသီဘွဲ့ရ အပါး ၃၀ တို့အား တစ်ပါးလျှင် ငွေကျပ် ၁၀ သိန်း၊ ပင့်သံဃာအရှင်မြတ် အပါး ၃၀ တို့အား တစ်ပါးလျှင် ငွေကျပ်တစ်သိန်းစီ ဆက်ကပ်လှူဒါန်း ပူဇော်မည်ဖြစ်သည်။ လှူဒါန်းပူဇော်လိုပါက တစ်ဦးချင်းဖြစ်စေ၊ မိသားစုလိုက်ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ လှူဒါန်းပူဇော်နိုင်သည်။ ဆက်သွယ်လှူဒါန်းလိုပါက ဦးဝင်းအောင် (ဥက္ကဋ္ဌ)၀၉-၂၀၁၁၃၁၂၊ ဦးအောင်မင်းဆွေ(အတွင်းရေးမှူး) ၀၉-၂၀၃၆၃၅၃၊ ဦးရန်ရှင်း (တွဲဖက်အတွင်းရေးမှူး) ၀၉-၄၀၂၅၇၉ ၃၀၅၊ ဦးတင်အောင်(ဘဏ္ဍာရေးမှူး) ၀၉-၂၀၂၇၂၁၅၊ ဦးသန်းဝင်း(အမှုဆောင်) ၀၉-၄၄၄၅၅၅ ၃၆၃၊ ဦးကိုကိုနိုင်(ပြန်ကြားရေး) ၀၉-၂၅၅၅၆၅၄၀၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပရိယတ္တိသဒ္ဓမ္မမာမကအသင်းကြီးကို ၂၀၀၁ ခုနှစ်တွင် ဒေါက်တာ ဘဒ္ဒန္တဇောတိက(ပါမောက္ခချုပ် ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်)၊ ရန်ကင်းတောင်တော် ဩဝါဒါစရိယ၊ ဥယျာဉ်ပရိယတ္တိစာသင်တိုက်များ၏ အဓိပတိက တည်ထောင်ခဲ့ပြီးပါဠိ၊ မြန်မာ၊ အင်္ဂလိပ် ပြဋ္ဌာန်းကျမ်းစာများဖြင့် စာမေးပွဲ ကျင်းပခဲ့သည်။

(၂၅)နှစ်တာကာလအတွင်း အဘိဓံသ၊ အဘိဓံသီ အပါး ၃၀၊ အလင်္ကာရဘွဲ့ ၁၀ ပါး အပါအဝင် စုစုပေါင်း ၈၀၆ ပါး ပြီးမြောက် အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(ကဆ)



## မွေးကင်းစမှ အသက်(၂)နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံ

**ရေနံချောင်း ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ မွေးကင်းစမှ အသက်(၂)နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းမှစတင်၍ ရွာသစ်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက်(၂)နှစ်အောက် ကလေးငယ်များအား ဆုံဆို့၊ မေးခိုင်၊ ကြက်ညှာ၊ အသည်းရောင် အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကိုလည်းကောင်း တိုက်ကျွေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**စိုးသူအောင်**

# ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

## တစ်ကမ္ဘာလုံး Free ပေးသုံးလိုက်တဲ့ Comet Browser




အင်တာနက်ရှာဖွေရေးကို Agentic AI တွေနဲ့ မောင်းနှင်မယ့် Comet Browser ပါ။ နာမည်ကြီး Perplexity AI က ဖန်တီးထားတဲ့ ဒီ Browser က သူ့အလိုအလျောက် အင်တာနက်တစ်ခွင်လုံး ဝင်မွှေပြီး ရှာပေးမယ့် Agentic Search နည်းပညာနဲ့ လာပါတယ်။

ပုံမှန် အင်တာနက်ရှာဖွေမှုတွေမှာ users ရှာတဲ့ keyword ပါတဲ့လင့်ခ်တွေ ချပေးပါတယ်။ Comet မှာတော့ လင့်ခ်ရှာပေးပြီး ဟိုဝင်ဒီဝင် အချိန်ကုန်မခံစေတော့ဘဲ ရှာတွေ့ထားတဲ့ အချက်အလက်တွေထဲကမှ users သိချင်တာနဲ့ ဆက်စပ်မှုအရှိဆုံး Sources တွေပဲ စုစည်းပေးလိုက်ပါမယ်။

လိုချင်ရင် website ထဲက page တစ်ခုလုံးကို summarize လုပ်ပေးပါမယ်။ မရှင်းတာရှိရင်လည်း Chatbot နဲ့ အပြန်အလှန်မေးလို့ရပါမယ်။ remind လုပ်ခိုင်းချင်လည်း ရပါတယ်။ Calendar ကြည့်ပြီး လူကို သတိပေးမယ်။ Online Shopping လုပ်မယ်ဆို ဘယ်နေရာမှာ ဘယ်ဈေးလဲ ရှာခိုင်းလို့ ရပါမယ်။

မကြည့်ဖြစ်တဲ့ tab တွေ ဖိုင်တွေ ပိတ်ခိုင်းလို့ရပါတယ်။ Assistant sidebar ဖွင့်ပြီး ခိုင်းချင်တာ ခိုင်းလို့ရပါတယ်။ ပြောရရင် တကယ့် ဒစ်ဂျစ်တယ် လက်ထောက်ဖြစ်လာမှာပါ။ အစောပိုင်းတွေတုန်းက Comet ကို တစ်လ ဒေါ်လာ ၂၀၀ ပေးသုံးတဲ့ Perplexity Max တို့လို Subscriber သမားတွေမှ သုံးနိုင်ခဲ့တာပါ။

အခု တစ်ကမ္ဘာလုံးကို အခမဲ့ ချပေးလိုက်ပါပြီ။ တော်တော်လေး မိုက်သွားပြီလို့ ပြောရမှာပါ။ Chrome တော့ မျက်ခုံးလှုပ်တော့မှာပါ။ Comet Browser ဘယ်လောက်ကြမ်းလဲ သိချင်ရင် ကိုယ်တိုင် စမ်းသုံးကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။

သုံးရတာ လွယ်ပါတယ်။ Comet browser ကို comet.perplexity.ai ကနေ ဒေါင်းလော့ဆွဲအညွှန်းလေးဖတ်ပြီး သုံးရုံပါပဲ။ **(ATK)**

## သိုင်းကစားတတ်ပြီး လုပ်သားတစ်ယောက်လိုအသုံးဝင်တဲ့ T800 တိုက်ခိုက်ရေးစက်ရုပ်

Real Steel ရုပ်ရှင်ထဲကလို အသတ်အပုတ်ကျွမ်းတဲ့ T800- Humanoid စက်ရုပ်တစ်မျိုးကို တရုတ်ကုမ္ပဏီ Engine AI က ထုတ်လုပ်လိုက်ပါပြီ။ T800 တွေက လူတစ်ဦးရဲ့ အရွယ်အစားအတိုင်း အရပ် ၅ ပေ ၆လက်မ ကိုယ်အလေးချိန် ၁၆၅ ပေါင် ရှိပါတယ်။ ဘောက်ဆာသမားတစ်ဦးလို တိုက်ခိုက်ရေးကျွမ်းပြီး နှစ်ဆင့်ကန်တာလိုမျိုး အဆင့်မြင့် ခြေကန်ချက်တွေလည်း လုပ်နိုင်ပါတယ်။


ဒီစက်ရုပ်ရဲ့ ကိုယ်ထည်ကို ပေါ့ပါးပြီး အကြမ်းခံဖို့ လေယာဉ်သုံး အလူမီနီယံပြားတွေနဲ့ တည်ဆောက်ထားပြီး ခြေအဆစ်နေရာတွေမှာ Active Cooling System ပါ ထည့်ပေးထားပါတယ်။ ပင်မအဆစ်တွေအားလုံးရဲ့ စုပေါင်းလွတ်လပ်လှုပ်ရှားနိုင်စွမ်း DoF 29 ဒီဂရီ၊ လက်တစ်ဖက်စီမှာ ၇ ဒီဂရီ ပါလို့ လူလောက်နီးနီး လှုပ်ရှားနိုင်တယ်လို့ ပြောရမှာပါ။

T800 တွေက လမ်းမှာတွေ့တဲ့ အတားအဆီးတွေကို ရှောင်ရှားဖို့ ၃၆၀ ဒီဂရီ ပတ်ပတ်လည် အလင်းထောက်လှမ်းစနစ် LiDAR Sensor သုံးထားပါတယ်။ ဒီစက်ရုပ်ရဲ့ အမြန်ဆုံးလှုပ်ရှားနိုင်စွမ်းက တစ်စက္ကန့်ကို ၁၀ ပေနီးပါး ရှိပါတယ်။ တွက်ချက်မှုစနစ်ကို Intel N97 CPU နဲ့ Nvidia AGX Orin 64GB AI module တွေကို တွဲသုံးထားပါတယ်။

စက်ရုံအလုပ်တွေမှာလည်း ခိုင်းလို့ ရပါသေးတယ်။ T800 တွေရဲ့ ရုပ်ပိုင်းစွမ်းရည်က အရွယ်ရောက်ပြီးသား လူတစ်ယောက်ရဲ့ ၉၀ ရာခိုင်နှုန်း ကျော်တယ်လို့ ဆိုပါတယ်။ စရိတ်စကလည်း အလုပ်သမားတစ်ဦးရဲ့ သုံးပုံတစ်ပုံပဲကျမယ်လို့ ပြောပါတယ်။ ထွက်ထားတဲ့ ဈေးကတော့ မြင့်ပါတယ်။စက်ရုပ်တွေကို preorder လက်ခံနေပြီး လာမယ့် ၂၀၂၆ ဇွန်လထဲမှာ တင်ပို့ရောင်းချတော့မယ်လို့ ဆိုပါတယ်

Base Model ကို ယွမ် ၁ သိန်း ၈ သောင်း (ဒေါ်လာ ၂ သောင်းခွဲဝန်းကျင်)နဲ့ အမြင့်ဆုံး Max Model ဆို ဒေါ်လာ ၅ သောင်းအထိ ရှိမှာပါ။ **(ATK)**







## Gemini မှာ AI နဲ့ ထုတ်ထားတဲ့ ပုံဟုတ်၊ မဟုတ် စစ်နိုင်ပြီ

ပုံတစ်ပုံတွေ့လို့ AI နဲ့ ဖန်တီးထားတဲ့ပုံ ဟုတ်၊ မဟုတ်ကို Gemini မှာ စစ်လို့ ရပါပြီ။

ဒီ feature က လက်တွေ့အသုံးဝင်တဲ့ feature လို့ ပြောရမှာပါ။ AI ပုံတွေက အစစ်နဲ့ ခွဲရခက်လောက်အောင် ဖြစ်လာချိန်မှာ ဒါမျိုး Feature က အတော်လေး အသုံးဝင်ပါလိမ့်မယ်။ AI ဟုတ်မဟုတ် AI နဲ့ ပြန်စစ်ခိုင်းတာကတော့ တစ်မျိုးကြီးပဲလို့ ဆိုရမှာပါ။

Gemini မှာ ပါတဲ့ ဒီ Feature ရဲ့ အလုပ်လုပ်ပုံက ရိုးရိုးပါပဲ။ Gemini app ထဲမှာ ကိုယ်စစ်ကြည့်ချင်တဲ့ပုံကို ထည့်ပြီး @SynthID လို့ ခေါ်ပြီး AI ပုံဟုတ်၊ မဟုတ်ကို စစ်ခိုင်းရတာပါ။ SynthID က အသစ်တော့ မဟုတ်ပါဘူး။ အရင်ကလည်း Google က သူ့ရဲ့ AI နဲ့ ထုတ်ထား၊ Edit ဖြတ်ထားတဲ့ ဓာတ်ပုံ၊ ဗီဒီယို၊ စာသားတွေထဲမှာ မျက်စိနဲ့မမြင်ရတဲ့ ရေစာ Watermark ကို စစ်ဖို့ သုံးတဲ့ Tool ပါ။

SynthID Detector ကို ဒီနှစ်ဆန်းပိုင်းမှာ Google က မိတ်ဆက်ခဲ့ပေမယ့် ဒီ Tool က ကန့်သတ်ချက်တွေများလို့ အသုံးမတွင်ကျယ်ခဲ့ပါဘူး။ အရင်တုန်းက SynthID Detector သုံးမယ်ဆိုရင် Web portal ထဲသွားပြီး ကိုယ်စစ်ချင်တဲ့ ဓာတ်ပုံထည့် စစ်ခိုင်းရတာမို့ လက်ဝင်တယ်လို့ ဆိုရမှာပါ။

အခု Gemini မှာ SyntID ကို ထည့်လိုက်တာဖြစ်လို့ ပုံစစ်ချင်ရင် @ နဲ့ SynthID လို့ ခေါ်ပြီး စစ်ခိုင်းရုံပါပဲ။ တကယ်လို့ AI နဲ့ ထုတ်ထားတာ မဟုတ်ဘူးဆိုရင် မဟုတ်ကြောင်း ပြောပါမယ်။ တစ်ခုရှိတာက SynthID ကို တခြား AI ကုမ္ပဏီတွေနဲ့ ချိတ်ဆက်မထားနိုင်သေးလို့ Google AI မဟုတ်တဲ့ တခြား AI တွေနဲ့ ဖန်တီးတဲ့ Content ဆိုရင် AI ပုံဟုတ်၊ မဟုတ် မသိနိုင်သေးတာပါ။

နောက်ပိုင်း SynthID နည်းပညာကို တခြား AI ကုမ္ပဏီတွေလည်း သုံးလာရင်တော့ AI Content ဟုတ်၊ မဟုတ် ပိုအကျယ်တဝင့် ခွဲခြားပေးနိုင်တော့မှာပါ။ **(ATK)**

# မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ – ၂၆

မန္တလေးငလျင်ကြီး လှုပ်ခတ်ဖျက်ဆီးလို့ အပြီး ပြိုပျက်ခဲ့ရတဲ့ ဘုရားစေတီတော်တွေထဲက ထွက်ပေါ်လာတဲ့ ဌာပနာများနဲ့ ပတ်သက်ပြီး ပြည်သူကို အချိန်နဲ့တစ်ပြေးညီ ဗဟုသုတဖြစ်စေမယ့် ဆောင်းပါးတွေ ရေးသားတင်ပြလာခဲ့တာ အတော်လေးများနေပါပြီ။ လက်ရာရော၊ ဟန်ပန်ရော ထူးခြားတဲ့အမွေအနှစ်ဖြစ်လို့ စာဖတ်သူများကိုလည်း သိစေချင်တဲ့ စေတနာနဲ့ ရေးသားတင်ပြခဲ့တာပါ။အမွေအနှစ်ဆိုတာ လူတစ်ယောက်ဖြစ်စေ၊ လူ့အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ လွန်ခဲ့သော နှစ်များစွာက သူတို့ စိတ်ကူးစေတနာအတိုင်း ဖန်တီးဆောင်ရွက်ထားခဲ့တဲ့ လက်ရာပစ္စည်းလေးတွေလို့ အကြမ်းဖျဉ်း မှတ်ထားလို့ရပါတယ်။ အဲ့ဒီလက်ရာ ပစ္စည်းလေးတွေဟာ အနုပညာဂုဏ် မြောက်ချင်မှ မြောက်ပါလိမ့်မယ်။ ဒါပေမဲ့ လက်ရာမြောက်သည်ဖြစ်စေ၊ မမြောက်သည်ဖြစ်စေ သူတို့ဖန်တီးခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းအနေနဲ့တော့ မသတ်မှတ်ချင်လို့ မရပါဘူး။

၂၀၁၅ ခုနှစ် ဥပဒေအသစ်အရ ရှေးဟောင်းအမွေအနှစ်ပစ္စည်းဆိုတာ လက်ရှိကာလမှ နှစ်ပေါင်း ၁၀၀အချိန်ကာလမှာ ပြုလုပ်ခဲ့တဲ့ လက်ရာပစ္စည်းများလို့ သတ်မှတ်ကာကွယ်ထားပါတယ်။ ယနေ့ခေတ်မှာ အမည်အမျိုးမျိုးခံယူပြီး နည်းမျိုးစုံအသုံးပြုကာ ရှေးဟောင်းပစ္စည်းကို ကိုယ်ကျိုးအတွက် အသုံးချတဲ့သူတွေကလည်း တဖြည်းဖြည်းများလာနေပါတယ်။ ဒါမျိုးတွေကိုလည်း ပြည်သူများက အမျိုးသားရေး အမြင်နဲ့ တစ်ထောင့်တစ်နေရာက တားဆီးပေးနိုင်ဖို့ မျှော်ကိုးပြီး အခုလို ကာလကြီးမှာ ဌာပနာ အမွေအနှစ်များအကြောင်းကို ရေးသားနေရခြင်းလည်း ဖြစ်ပါတယ်။

မှတ်မိပါသေးတယ်။ အမရပူရမြို့ဟောင်းမှာ ဌာပနာတွေ သွားရောက် စစ်ဆေးစာရင်းပြုစုတော့ အမျိုးသားတစ်ယောက် ရောက်လာလို့ စိတ်ဝင်တစားကြည့်ရှုပြီး ဌာပနာတွေထဲက အပေါ်များဆုံး တွေ့ရလေ့ရှိတဲ့ ဉာဏ်တော် နှစ်လက်မခန့်ရှိ ခဲသွန်းတစ်ခြမ်းဖောင်း ဆင်းတုတော်လေးတွေကို ကြည့်ပြီး အဲ့ဒီဘုရား ဆင်းတုလေးတွေက ထိုင်းလူမျိုးတွေ တအားသဘောကျတာ ဈေးလည်းသိပ်ကြီးတာလို့ ပြောပြတော့ ကိုယ်တွေတောင် မျက်လုံးပြူးသွားမိတယ်။ အခုဒီမှာက ထောင်နဲ့ချီပြီး တွေ့နေရတာလေ။ ဒါပေမဲ့ သူ့ကိုပြောရတယ် "တိုးတိုးပြောပါ။ တခြားလူတွေ ကြားသွားရင် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားလိမ့်မယ်"လို့ ဒီမှာက ဘုန်းကြီးကျောင်းဝင်းထဲက မွှာရုံထဲမှာ လင်ပန်းထဲထည့်ပြီး စားပွဲပေါ်မှာ ဒီအတိုင်းထားထားတာကိုး။ အဲ့ဒီလိုပြောလို့ အဲ့ဒီလောက် အဖိုးတန်နေရင် ရှေးဟောင်းသုတေသနက ထိန်းသိမ်းထားပါ့လားလို့ စောဒကတက်ခွင့်ရှိပါတယ်။ အဲ့ဒီလို ထိန်းသိမ်းပေးမယ်ဆိုတော့လည်း ဘုန်းကြီးတွေက သဘောမတူပြန်ဘူး၊ ငါတို့ဘုရားကဌာပနာ ငါတို့ပဲထိန်းမယ်တဲ့။ ထားပါတော့။



ဖွားတော်မူခန်း ကြေးသွန်းဌာပနာ။

တစ်လက်စတည်း ကြုံတုန်းပြောပြချင်တာက ရှေးဟောင်းပစ္စည်းအမွေအနှစ်ကို စစ်ဆေးခေတ်ကာလ ခွဲခြားသတ်မှတ်ခြင်း သို့မဟုတ် လေ့လာသုတေသနပြုခြင်းနဲ့ပတ်သက်လို့ပါ။ ရှေးဟောင်းပစ္စည်းတစ်ခုဆိုတာ သူနဲ့ပတ်သက်တဲ့ အခြေခံအကြောင်းလေးတွေ နောက်ခံရာဇဝင်လေးတွေကို သိမထားရင် တန်ဖိုးမရှိသလိုပါပဲ။ ပမာဆောင်ရရင် ဌာပနာပစ္စည်းတစ်ခု တွေ့တယ်ဆိုပါစို့။ နောက်ခံအကြောင်းအရာကိုသာမသိရင် ကြေးရုပ်လေးတစ်ခုလို့ပဲ မြင်ကြမှာပါ။ နောက်ခံဇာတ်ကြောင်းကိုသာသိထားရင်၊ လေ့လာထားရင် ဘယ်ဇာတ်လမ်းဆိုတာရယ်၊ ဘာဇာတ်ရုပ်ဆိုတာရယ် ချက်ချင်းမဟုတ်တောင် ဇာတ်လမ်းနဲ့တွဲပြီး စဉ်းစားတဲ့အခါ တဖြည်းဖြည်း ပေါ်လာပါလိမ့်မယ်။ အဲ့ဒီတော့မှ ဖန်တီးသူပညာရှင်ဟာ အဲ့ဒီအရုပ်လေးအပေါ်မှာ ဘယ်လောက်စေတနာထားတယ်။ ကြိုးစားဖန်တီး ထားတယ်ဆိုတာ အကဲဖြတ်လို့ရပြီပေါ့။

ဒါကြောင့်လည်း စာရေးသူဟာ ငလျင်ကြီးကြောင့် ပြိုပျက်ခဲ့ရတဲ့ ဘုရားစေတီတော်တွေထဲက ပေါ်ထွက်လာတဲ့ ဌာပနာတွေအကြောင်း ဗဟုသုတအဖြစ် ရေးသားတဲ့ဆောင်းပါးတွေမှာ ဇာတ်ကြောင်းကို အရင်တင်ပြတယ်။ ပြီးတော့မှ အနုပညာလက်ရာကို ရှေးဟောင်းသုတေသန ရှုထောင့်ကနေ လေ့လာပြီး တင်ပြခဲ့ပါတယ်။ အခုလည်း အမရပူရမြို့၊ မှန်တန်းရပ်ကွက်မှာ တည်ထားကိုးကွယ်ခဲ့တဲ့ ဆုတောင်းပြည့်စေတီ ငလျင်ကြောင့် ပြိုပျက်ရာက ထွက်ပေါ်လာတဲ့ ဌာပနာအရုပ်တွဲလေး တစ်စုအကြောင်း တင်ပြပါရစေ။

အဲ့ဒီအရုပ်တွဲလေးက မြတ်ဗုဒ္ဓအလောင်းအလျာ ဖွားတော်မူခန်းပါ။ ဇာတ်ကြောင်းအနေနဲ့ကတော့ အကျဉ်းမျှဖော်ပြပါ့မယ်။ မြတ်ဗုဒ္ဓအလောင်းအလျာဟာ သုမေဓာသူဌေးသားဘဝမှာ မိဘများ ကွယ်လွန်ကြတော့ သူ့အတွက် ချန်ထားရစ်တဲ့ များပြားလှတဲ့ ရွှေငွေအမွေပစ္စည်းတွေကိုကြည့်ပြီး သံဝေဂရရှိကာ တောထွက်လို့ ရသေ့ရဟန်းပြုခဲ့ပါတယ်၊ တစ်နေ့ ဒီပင်္ကရာဘုရား ကြွတော်မူလာတဲ့အခါ သုမေဓာရှင်ရသေ့ဟာ တရားနာပြီး ကျင့်ကြံအားထုတ်ခဲ့ရင် နိဗ္ဗာန်ကို ရနိုင်ပါလျက်နဲ့ သတ္တဝါဝေနေယျတို့အပေါ် ကြီးမားလှတဲ့ မဟာကရုဏာတော်အရ ဘုရားအဖြစ် ဗျာဒိတ်ခံယူပြီး လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေ ဖြည့်ကျင့်ခဲ့ပါတယ်။ ပြီးတော့မှ အချိန်တန်လာတော့ ကြည့်ခြင်းကြီး ငါးဖြာနဲ့ ကြည့်ပြီး ကပ္ပိလဝတ်ပြည် သုဒ္ဓေါဒနရာဇာရဲ့ မိဖုရားခေါင်ကြီး မာယာဒေဝီရဲ့ ဝမ်းကြာတိုက်ထဲ မဟာသက္ကရာဇ် ၆၈ ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့မှာ ကိန်းအောင်းသန္ဓေ ယူတော်မူခဲ့ပါတယ်။ "အစ္ဆရိယ မနုဿ" ဆိုတဲ့အတိုင်း သာမန်လူတို့ မွေးတာလိုပဲ ကိုးလလွယ်လို့ ၁၀လပြည့်တဲ့နေ့ ကဆုန်လပြည့် သောကြာနေ့မှာ ကပ္ပိလဝတ်ပြည်နဲ့ ဒေဝဒဟပြည်အကြား လုမ္ဗိနီသာမော အင်ကြင်းတောမှာ ဖွားမြင်တော် မူခဲ့ပါတယ်။

ဒီနေရာမှာ ပြောချင်တာက ဘုရားလောင်းမင်းသားငယ်လေးကို ဖွားမြင်တော်မူခန်းနဲ့ ပတ်သက်ပြီး နံရံဆေးရေးပန်းချီတွေမှာပဲဖြစ်စေ သဲကျောက်ထွင်း ပန်းတမော့လက်ရာများမှာဖြစ်စေ မာယာဒေဝီမိဖုရားကြီးက မတ်တတ်ရပ်လျက်သား ညာဘက်လက်က အင်ကြင်းကိုင်းကို ကိုင်ထားပြီး ဘယ်ဘက်လက်ကတော့ ညီမတော် ဂေါတမီဒေဝီရဲ့ ဘယ်ဘက်ပခုံးပေါ်က ဖက်ထားဟန် ရေးဆွဲ၊ ထုလုပ်ကြလေ့ရှိတာကို တွေ့ရပါတယ်။ သဘောကတော့ အမျိုးသမီးများ သားသမီး မွေးဖွားခါနီးအချိန် အားယူပြီး ညှစ်နေတဲ့ဟန်ပါ။ ညီမတော် ဂေါတမီဒေဝီကလည်း နန္ဒမင်းသားလေး ကိုယ်ဝန်အရင့်အမာကြီးနဲ့မို့ အားယူပြီးညှစ်လာတဲ့ အစ်မတော်ရဲ့လက်ကို ဖယ်မပစ်ရက်ဘဲ ဖေးမထိန်းကိုင်ထားဟန်ထုလုပ်ထားပါတယ်။

ဒီနေရာမှာ ထူးခြားမှုတစ်ခုကို တင်ပြချင်ပါတယ်။ အဲ့ဒါကတော့ ဘုရားလောင်းလျာ ဖွားတော်မူခန်းနဲ့ပတ်သက်ပြီး ရေးဆွဲထားတဲ့ ရှေးဟောင်းနံရံဆေးရေးနဲ့ ထုဆစ်ထားတဲ့ ပန်းတမော့ ကျောက်ဆစ်လက်ရာတွေ အားလုံးထဲမှာ မယ်တော်မာယာဒေဝီနဲ့ မိထွေးတော် ဂေါတမီဒေဝီတို့ရဲ့ ပုံတွေဟာ မတ်တတ်ရပ်လျက်သား ပုံတွေပဲ ဖြစ်နေတာကို တွေ့ကြရပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီး မြတ်စွာဘုရားပွင့်တော်မူခဲ့တဲ့ ခရစ်တော်မပေါ်မီကာလ ဘီစီ ၆ရာစုခန့် အမျိုးသမီးတွေရဲ့ သားသမီးမွေးဖွားပုံဟာ ယနေ့ခေတ်လို ခုတင်ပေါ် လဲလျောင်းပြီး မွေးဖွားတဲ့တဲ့ပုံစံ မဟုတ်သေးပါဘူးတဲ့။ မတ်တတ်ရပ်လျက်သားပုံစံနဲ့ မွေးဖွားကြတာဖြစ်ပါတယ်တဲ့။ အဲ့ဒီကာလ ရှေးခေတ်အမျိုးသမီးများ သားသမီးမွေးဖွားပုံနဲ့ပတ်သက်ပြီး အထူးသုတေသနပြုခဲ့သူ ပညာရှင်တစ်ဦးဖြစ်တဲ့ Austrian Academy of Science မှ Prehistoric Archaeologist Katharina က သုတေသနပြုဖော်ထုတ်ခဲ့ပါတယ်။ သူမဟာ နှစ်ပေါင်း ၂၀ကျော် အချိန်ယူပြီး သမိုင်းမတင်မီခေတ် လူသားတွေရဲ့ သဘာဝကို သုတေသနပြုလေ့လာခဲ့ပါတယ်။ သူမရဲ့ တွေ့ရှိချက်ကတော့ ရှေးခေတ်လူတွေက ကလေးမွေးဖွားတာနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်မှာ တွေ့မြင်နေရတဲ့ တိရစ္ဆာန်တွေဆီက အတုယူခဲ့ကြပါတယ်တဲ့။ ဒါကိုအတုယူပြီး အစောပိုင်း ခေတ်ကာလမှာ လူတွေကလည်း မတ်တပ်ရပ်လျက်သား မွေးဖွားခဲ့ကြတယ်ဆိုတာ အစောဆုံးတွေ့ရပါတယ်။

အဲဒီလို မွေးဖွားခဲ့ကြတဲ့ ဂရိနိုင်ငံရဲ့ ကျောက်ခေတ်နံရံဆေးရေး အထောက်အထား များစွာကိုလည်း တင်ပြထားပြီး သံခေတ်အထိ တွေ့နေရပါတယ်တဲ့။ တချို့သော ဆရာဝန်များကလည်း အဲ့ဒီအချက်ကို ထောက်ခံထားကြပါတယ်။ မတ်တတ်ရပ်လျက် မွေးဖွားခြင်းအားဖြင့် ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားကြောင့် မွေးဖွားရတာ လွယ်ကူစေပါတယ်တဲ့။ ဗုဒ္ဓဘုရားနဲ့ပတ်သက်ပြီး အစောဆုံး အထောက်အထားများရှိရာ အိန္ဒိယနိုင်ငံ၊ မဟာရဋ္ဌပြည်နယ် အောရန်ဂါဘတ်ခရိုင်မှာ တည်ရှိတဲ့ ဘီစီ ၂ရာစုလက်ရာ အာဂျန္တာလိုဏ်ဂူထဲက ဖွားတော်မူခန်း နံရံဆေးရေးနဲ့ ကျောက်ဆစ်ပန်းတမော့လက်ရာတွေထဲမှာလည်း မတ်တပ်ရပ်လျက်သား ဖွားတော်မူပုံပဲ တွေ့ရပါတယ်။ဒီတော့ အစောပိုင်း အိန္ဒိယရဲ့ လွှမ်းမိုးမှုရှိခဲ့တဲ့ ပုဂံခေတ် နံရံဆေးရေးနဲ့ သဲကျောက်ထွင်းပန်းတမော့လက်ရာတွေထဲမှာလည်း ဖွားတော်မူခန်းကို မတ်တပ်ရပ်လျက်သား တွေ့ရတာ မဆန်းတော့ဘူးပေါ့။

မြန်မာတစ်နိုင်ငံလုံး ခေတ်အဆက်ဆက် ရေးဆွဲခဲ့တဲ့ နံရံဆေးရေးပန်းချီ ပုံတွေထဲက ဖွားတော်မူခန်းဟာလည်း ရပ်လျက်သားတွေ့ရတာ အဲ့ဒါကြောင့်ပါပဲ။ အဲ့ဒီလို ရပ်လျက်သား မွေးဖွားခြင်းကို ယနေ့ခေတ် ၂၀ ရာစုအထိ နာဂလူမျိုးတွေ ဆက်လက်လိုက်နာနေဆဲပါလို့ အမျိုးသားစာပေဆုရ စာရေးဆရာ ညီပုလေးရဲ့ "ဓားသွားပေါ်က ချိုမြမြ ပျားရည်စက်များ" ဆိုတဲ့ စာအုပ်ထဲမှာ ရေးသားထားတာကလည်း အမှတ်တရဖြစ်စေခဲ့ပါတယ်။ ဒါကတော့ မြတ်ဗုဒ္ဓဖွားတော်မူပုံနဲ့ပတ်သက်ပြီး ဘာကြောင့် ရပ်လျက်သားဖြစ်နေရတယ်ဆိုတဲ့ တွေ့ရှိချက်များပဲ ဖြစ်ပါတယ်။



ဖွားတော်မူခန်း သဲကျောက်ရုပ်ကြွ။

အခုလည်း အမရပူရမြို့ ဆုတောင်းပြည့်စေတီတော် ဌာပနာတွေ ထဲကတွေ့လာရတဲ့ ကြေးသွန်းဖွားတော်မူရုပ်တု အစုလေးအကြောင်းကို တင်ပြပါ့မယ်။ အဲ့ဒီရုပ်တုအစုထဲမှာလည်း ဘုရားလောင်းကို မယ်တော် မာယာဒေဝီက ရပ်လျက်သား မွေးဖွားဟန်၊ ညာလက်က အင်ကြင်းကိုင်းကို အားပြုကိုင်ထားဟန်၊ ဘယ်လက်က ညီမတော် ဂေါတမီဒေဝီကို ဖက်ထားဟန် စသဖြင့် ရှေးအစဉ်အလာအတိုင်း သွန်းလောင်းထားပါတယ်။ အလောင်းတော်မင်း သားလေးကိုတော့ ဖွားမြင်စ ကလေးငယ်ပုံအစား နန်းဝတ်နန်းစားအပြည့် ဆင်ယင်ထားတဲ့ သူငယ်အရွယ် ဖန်တီးထားပြီး ဗုဒ္ဓဝင်ထဲမှာ လာတဲ့အတိုင်း ဘုရားလောင်းဟာ မွေးဖွားပြီးပြီးချင်း မြောက်ဘက်အရပ်သို့ မျက်နှာပြုကာ ခြေခုနစ်ဖဝါးလှမ်းပါတယ်တဲ့။ပြီးတော့မှ မတ်တပ်ရပ်ပြီး ဩကာသလောကကြီးကို "အဂ္ဂေါ ဟမသ္မိ လောကဿ၊ ဇေဋ္ဌော ဟမသ္မိ လောကဿ၊ သေဋ္ဌော ဟမသ္မိ လောကဿ" ဆိုပြီး ကြွေးကြော်ခဲ့တာကို အကြောင်းပြုပြီး ဖန်တီးချက်တစ်ခုဖြစ်လို့ပါပဲ။ ဘုရားလောင်းတော်ရဲ့ရှေ့ ဝဲ၊ ယာမှာ ပါရှိနေတဲ့ နတ်ဗြဟ္မာရုပ်များကလည်း ဘုရားလောင်း ဖွားမြင်ကာစ မြေမကျမီ ခံယူလာကြတဲ့ဟန် သွန်းလောင်း ဖန်တီးထားတာဖြစ်ပါတယ်။

အဲ့ဒါကြောင့် အချုပ်အနေနဲ့ တင်ပြလိုတာက ဌာပနာပစ္စည်းတစ်ခုကို ဖန်တီးတဲ့အခါမှာဖြစ်စေ ဖန်တီးထားတာကို လေ့လာတဲ့အခါမှာဖြစ်စေ အခြေခံဇာတ်ကြောင်းကို သိထားဖို့ လိုအပ်ပါတယ်။ မသိထားဘူး၊ လေ့လာမထားဘူးဆိုရင် ဆားမပါတဲ့ အစားအစာလို ပေါ့ပြက်ပြက်ဖြစ်သွားလိမ့်မယ်လို့ တင်ပြလိုက်ရပါကြောင်း။

ကျမ်းညွှန်း။ ။ ဇိနတ္ထပကာသနီကျမ်း- ကျီးသဲလေးထပ်ဆရာတော်၊လက်တွေ့ကွင်းဆင်းလေ့လာချက်များ

**ရက္ခိတ(ရှေး/သု)**

## သစ္စာအဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီး ပန်းလယ်တိုင်၊ ပိန္နဲတိုင် စိုက်ထူ

ပုသိမ်ကြီး ဇန်နဝါရီ ၅

သစ္စာအဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီးသည် အင်အားပြင်းမြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော စေတီတော်မြတ်ကြီးကို ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိရာ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က စိန်ဖူးတော်၊ငှက်မြတ်နားတော်၊ ထီးတော်တင်လှူပူဇော်နိုင်ရေး ပန်းလယ်တိုင်၊ ပိန္နဲတိုင် စိုက်ထူခြင်းအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနား ဆောင်ရွက်ရာတွင် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် တွင် ဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာ ၁၈ ပါးတို့က ပရိတ်တရားတော်၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ပြီး သက်ဆိုင်ရာ နတ်မြတ်နတ်ကောင်းများအား ကန်တော့ပွဲများပေးကာ အစီအမံတို့ဖြင့် သတ်မှတ်မင်္ဂလာအချိန်တွင် ပန်းလယ်တိုင်၊ပိန္နဲတိုင်အား ဂေါပကအဖွဲ့များက ပင့်ဆောင်၍ အောင်မြင်စွာ စိုက်ထူခဲ့သည်။

အခမ်းအနားသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးအောင်ဆန်းဦး၊ ခရိုင်သာသနာရေးဦးစီးမှူး ဦးအောင်မင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးညွန့်ဆန်း၊ မြို့နယ်လဝက ဦးစီးမှူး ဦးကျော်မင်းထွန်း၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြကြောင်း သိရသည်။

(အောက်ပုံ)

စာနည်းကိုကို(ပြန်/ဆက်)

*-*-*-*-*



ဖတ်စရာ၊ မှတ်စရာ
စုံလင် ယနေ့မြေး

### လယ်ယာလုပ်သား ဦးကြီးများ

* တိုတိုင်းတို့ပြည်
သာယာစည်ပင်
လယ်ပြင်ယာတော
သီးနှံပေါ်ဖို့။

* စပါးတောလည်း
လွှင့်မျောကျယ်ဝန်း
စိမ်းစိုထွန်းဖို့။

* ဖြစ်ထွန်းလယ်မြေ
ဖွံ့ဖြိုးစေရေး
အလေးပေးကာ
စွမ်းဆောင်လာကြ
ရွာကဦးကြီး
သမီးသားများ
မနားမနေ
ကြိုးစားလေသော်။

* စပါးပြောင်းနှံ
နှမ်းမကျန်ရ
ဖွံ့ထွားကြသည်။

* ရွာကလယ်ကွင်း
ရွှေရောင်ဝင်းအိ
ပြည်တွင်းရိက္ခာ
ဖူလုံပါရေး
ဆောင်ရွက်ပေးသည့်
ကျေးဇူးကြီးများ
လယ်သမားတို့
လေးစားဂုဏ်ပြုလိုက်ပါသည်။ ။

မြချိုးအိမ်(ကိုလေး)

## ပညာရေးစုံညီပွဲတော် ကျင်းပ

မောက်မယ် ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကွန်ကျိုင်းရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ပညာရေးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကွန်ကျိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းကျော်ဟိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခြေခံပညာမူလတန်းကျောင်း(ကွန်ကျိုင်း)ကျောင်းအုပ်ဆရာကြီး ဦးစိုင်းအောင်ထွေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းပညာရေး သာမက အခြားဘက်စုံထူးချွန်ရေးတို့အတွက် မိဘ၊ ဆရာ၊ ကျောင်းသားများမှ ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ ဘက်စုံပညာထူးချွန်ရေးတို့အတွက် မိမိတို့ကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများမှ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးပြောကြားခဲ့ပြီး KG နှင့် မူလတန်းအဆင့်ပြီးမြောက်ကြောင်း လက်မှတ်များကို မြို့နယ်ပညာရေးမှူး ဒေါ်အေးမြင့်ခိုင်က ပေးအပ်ချီးမြှင့်၍ ကာယ၊ ဉာဏ ထူးချွန်ဆု ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက တေးသရုပ်ဖော်၊ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)





## မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ Installation ပြုလုပ်

မောက်မယ် ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မောက်မယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသည့် အပိုင်း(၂) ဇန်နဝါရီ ၁၁ ရက်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ နည်းပညာအထောက်အကူပြုအဖွဲ့မှ အပြီးသတ် Installation ပြုလုပ်ခြင်းကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီမှစတင်၍ မြို့နယ်နမ့်ယွမ်းခန်းမတွင် ဆောင်ရွက်ခဲ့သည်။

မောက်မယ်မြို့နယ်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့် ဒုတိယအပိုင်း(၂) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်တွင် ပါဝင်ပြီး မဲရုံ ၃၃ ရုံအတွက် အဆိုပါမြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ လျှပ်စစ်နည်းပညာ တက္ကသိုလ် အထောက်အကူပြုအဖွဲ့မှအပြီးသတ် Installation ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့ ။



## နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေး

မန္တလေး ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် ခနဲကျေးရွာအုပ်စု၊ ယဉ်တော်စံကျေးရွာ အောင်သိဒ္ဓိကပ်ကျော်မှော်ရုံ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အမရပူရမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) တွင် ဆန္ဒမဲပေးနိုင်ရေးအတွက် မဲစာရင်းတွင်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးနေသူများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုလင်းနှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်က နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို လာရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၀၈၄)





# နိုင်ငံတကာ အားကစား သတင်းများ

## ယန်နစ်ကီတဲလ်ကို အငှားစာချုပ်ဖြင့် အော့စ်ဘတ်အသင်း ခေါ်ယူ

**မြူးနစ် ဇန်နဝါရီ ၅**

အော့စ်ဘတ်အသင်းသည် စတုဂတ်အသင်း ကွင်းလယ်ကစားသမား ယန်နစ်ကီတဲလ်ကို ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် စတုဂတ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၈ ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အော့စ်ဘတ်အသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။




အော့စ်ဘတ်အသင်းထုတ်ပြန်ချက်တွင် "ယန်နန်ကီတဲလ်ကို အငှားဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းအပေါ် များစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)



## ကင်မရွန်းအသင်းက တောင်အာဖရိကအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇန်နဝါရီ ၅**

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ၁၆သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ကင်မရွန်းအသင်းနှင့် တောင်အာဖရိကအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကင်မရွန်းအသင်းက တောင်အာဖရိကအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ကင်မရွန်းအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၃၄မိနစ်တွင် ချာမာဒူ၊ ပွဲချိန် ၄၇မိနစ်တွင် ကိုဖန်တို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။ (အပေါ်ပုံ)

ကင်မရွန်းအသင်းသည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဇန်နဝါရီ ၁၀ ရက်တွင် မော်ရိုကိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။(NGB)

## ကာလိုစ်ကော်ဘီရန် ဗလင်စီယာအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**မက်ဒရစ် ဇန်နဝါရီ ၅**

စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းသည် လက်ရှိအချိန်တွင် အသင်းရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြကာလို့စ်ကော်ဘီရန်ကို နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

ဗလင်စီယာအသင်းသည် ယခုနှစ် ဘောလုံးရာသီ စပိန်လာလီဂါပွဲစဉ် ၁၈ ပွဲကစားအပြီးတွင် ရမှတ် ၁၆ မှတ်ဖြင့် အဆင့်(၁၈) တန်းဆင်းဇုန်နေရာ၌ ရပ်တည်နေပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ကာလို့စ်ကော်ဘီရန်သည် ဗလင်စီယာအသင်းကို ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာ ၂၄ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၅ ပွဲတွင် ၁၇ပွဲ နိုင်၊ ၁၄ပွဲ သရေ၊ ၁၄ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ ကာလို့စ်ကော်ဘီရန်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဗလင်စီယာအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)


## မော်ဂန်ရော်ဂျာစ်ကို စတာလင်ပေါင် ၁၃၀ ဖြင့် ခေါ်ယူရန် ချဲလ်ဆီးအသင်း ကမ်းလှမ်း

**လန်ဒန် ဇန်နဝါရီ ၅**

ချဲလ်ဆီးအသင်းသည် အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား မော်ဂန်ရော်ဂျာစ်ကို စတာလင်ပေါင် ၁၃၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၇ပွဲ ကစားပြီး ၂၄ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းကလည်း မော်ဂန်ရော်ဂျာစ်အတွက် ချဲလ်ဆီးအသင်းမှ အဆိုပါ ငွေ




ပမာဏအတိုင်းကမ်းလှမ်းလာပါက လက်ခံစဉ်းစားသွားဖွယ်ရှိသည်။ (အပေါ်ပုံ)

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လက်ရှိ ဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းထံမှ မော်ဂန်ရော်ဂျာစ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ဒီကလန်ရိုက်စ်ကို ကမ္ဘာ့အကောင်းဆုံး ကစားသမားတစ်ဦးဟု နည်းပြ အာတီတာ ချီးကျူး

**လန်ဒန် ဇန်နဝါရီ ၅**

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်သည် ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြ အာတီတာက ချီးကျူးပြောကြားခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဒီကလန်ရိုက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၇ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို အသင်းကိုလည်း ပရီးမီးယားလိဂ် အမှတ်ပေးဇယား အဆင့်(၁)နေရာ ရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့သည်။ (ယာပုံ)

အာဆင်နယ်အသင်း နည်းပြ အာတီတာက "ဒီကလန်ရိုက်စ်က ကျွန်တော့်အတွက်တော့ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးပါ။ သူဟာတစ်ရက်ထက်တစ်ရက် များစွာ တိုးတက်လာပါတယ်။ ပြီးတော့ အသင်းအတွက်လည်း အဓိက အားထားရတဲ့ ကစားသမားတစ်ဦးပါ။ သူ့အနေနဲ့လည်း အသင်းတွက်သာမက တစ်ဦးချင်းအောင်မြင်မှုဆုတံဆိပ်တွေလည်း ရယူသွားနိုင်လိမ့်ဦးမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။ (NGB)




## ဖာကန်ဒိုမူရာသည် အင်တာမိုင်ယာမီအသင်းတွင် ကျောနံပါတ်(၁၄)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇန်နဝါရီ ၅**

နောက်ခံကစားသမားသစ် ဖာကန်ဒိုမူရာသည် အင်တာမိုင်ယာမီအသင်းတွင် ကျောနံပါတ်(၁၄)ဂျာစီ ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။




အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ရေဆင်းကလပ်အသင်းမှ အင်တာမိုင်ယာမီအသင်းသို့ နှစ်နှစ်ခွဲစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့သည်။

နောက်ခံကစားသမား ဖာကန်ဒိုမူရာသည် ရေဆင်းကလပ်အသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၅ ခုနှစ်အထိ ပြိုင်ပွဲစုံ ပွဲ ၁၁၀ ကစားကာ ၁၀ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(ဝဲပုံ) (NGB)

### စပိန်ဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ(၃၂-သင်းအဆင့်)ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု | အမှတ်ပေးပွဲ၌ အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇-၁-၂၀၂၆ | ဂရန်နာဒါ - ဗယ်လက်ကာနို | ဂရန်နာဒါ ၀-၂ ဗယ်လက်ကာနို | ဂရန်နာဒါ(အိမ်) | ၁၀ | ၂ | ၅ | ၃ | ၁၃ | ၁၃ |
| နံနက်၀၂:၃၀နာရီ | (လာလီဂါII-၂၀) (လာလီဂါ-၁၄) | ဗယ်လက်ကာနို ၂-၁ ဂရန်နာဒါ | ဗယ်လက်ကာနို(ဝေး) | ၁၀ | ၃ | ၁ | ၆ | ၉ | ၁၆ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၆-၁-၂၀၂၆ | (၂၀)ပီဆာ - ကိုမို(၆) | ပီဆာ ၁-၁ ကိုမို | ပီဆာ(အိမ်) | ၉ | ၁ | ၃ | ၅ | ၁ | ၇ |
| ညနေ၃၀နာရီ | (L,L,D,L) (W,W,L,L,W) | ကိုမို ၃-၁ ပီဆာ | ကိုမို(ဝေး) | ၉ | ၃ | ၃ | ၃ | ၁၀ | ၉ |
| ၆-၁-၂၀၂၆ | (၁၆)လက်ချီ - တိုရီနို(၅) | လက်ချီ ၀-၁ တိုရီနို | လက်ချီ(အိမ်) | ၉ | ၂ | ၃ | ၄ | ၆ | ၁၀ |
| ညဝ၁၀:၃၀နာရီ | (W,L,W,L) (L,W,L,W) | တိုရီနို ၄-၁ လက်ချီ | တိုရီနို(ဝေး) | ၉ | ၅ | - | ၄ | ၉ | ၇ |
| ၇-၁-၂၀၂၆ | (၁၀)အက်တလန်တာ - ဂျူဗင်တပ်(၄) | အက်တလန်တာ ၄-၂ ဂျူဗင်တပ် | အက်တလန်တာ(အိမ်) | ၉ | ၃ | ၂ | ၄ | ၁၀ | ၁၀ |
| နံနက်၀၂:၄၅နာရီ | (W,D,L,D) (L,W,W,W) | ဂျူဗင်တပ် ၃-၀ အက်တလန်တာ | ဂျူဗင်တပ်(ဝေး) | ၉ | ၄ | ၂ | ၃ | ၉ | ၈ |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပ-ကျော့ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇-၁-၂၀၂၆ | (၁၈)ဝက်စ်ဟမ်း - နော့တင်ဟမ်(၁၇) | ဝက်စ်ဟမ်း ၁-၂ နော့တင်ဟမ် | ဝက်စ်ဟမ်း(အိမ်) | ၁၀ | ၂ | ၁ | ၇ | ၁၂ | ၂၃ |
| နံနက်၀၂:၃၀နာရီ | (နော့တင်ဟမ် ၀-၃ ဝက်စ်ဟမ်း) | နော့တင်ဟမ် ၃-၀ ဝက်စ်ဟမ်း | နော့တင်ဟမ်(ဝေး) | ၁၀ | ၂ | ၂ | ၆ | ၇ | ၁၆ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၁-၂၀၂၆ အင်္ဂါနေ့ | ညနေ၃:၃၀နာရီ | (၂)ရန်ကုန် - မဟာ(၈)<br>(W,W,W,D,D) (D,W,L,W,D) | ရန်ကုန် ၁-၀ မဟာ<br>မဟာ ၂-၂ ရန်ကုန် |
| ။ | ညနေ၄:၀၀နာရီ | (၇)ရောဝတီ - သစ္စာအားမာန်(၁၀)<br>(D,W,L,D,D) (L,L,D,L,D) | ရောဝတီ ၀-၁ သစ္စာအားမာန်<br>သစ္စာအားမာန် ၀-၁ ရောဝတီ |
| ။ | ညနေ၄:၀၀နာရီ | (၁)ရှမ်း - အားကစားသိပ္ပံ(၄)<br>(W,W,W,W,D) (W,W,W,L,W) | ရှမ်း ၃-၀ အားကစားသိပ္ပံ<br>အားကစားသိပ္ပံ ၀-၅ ရှမ်း |

### အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ (၁၆)သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ရှုံးထွက်အဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၆-၁-၂၀၂၆ အင်္ဂါနေ့ | ည၁၀:၃၀နာရီ | အယ်လ်ဂျီးရီးယား - DR ကွန်ဂို | အယ်လ်ဂျီးရီးယား ၃-၀ DR ကွန်ဂို |
| ၇-၁-၂၀၂၆ ဗုဒ္ဓဟူးနေ့ | နံနက်၀၁:၃၀နာရီ | အိုင်ဗရီကို့စ် - ဘာကီနာဖာဆို | ဘာကီနာဖာဆို ၃-၀ အိုင်ဗရီကို့စ် |

## ဈေးကောက်ပွဲကာလတွင် မီးလောင်မှုမဖြစ်ပွားစေရန် အသိပေးနှိုးဆော်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၅**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)အဖြစ် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပဆောင်ရွက်မည့် ရွေးကောက်ပွဲကာလအတွင်း ရပ်ကွက်၊ ကျေးရွာများ၌ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရန်အတွက် မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊



ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ မဲရုံအဆောက်အအုံနှင့်အနီးပတ်ဝန်းကျင်နေရာများအား မီးဘေးလုံခြုံရေး စစ်ဆေးပညာပေးခြင်းနှင့် လမ်းမကြီးများအလိုက် အသိပေးနှိုးဆော်ခြင်းများကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း၏ကြီးကြပ်မှုဖြင့် မြို့နယ်လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ရွေးကောက်ပွဲကာလအတွင်း မဲရုံများနှင့် ပတ်ဝန်းကျင်ဒေသများ မီးဘေးလုံခြုံရေးစစ်ဆေးပညာပေးခြင်းနှင့် ဓာတ်တိုက်လေ့ကျင့်ခြင်း၊ မြို့ပေါ်လမ်းမများအလိုက် မီးဘေးလုံခြုံရေးအသိပေးနှိုးဆော်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် မဲရုံပြုလုပ်မည့် အဆောက်အအုံနေရာများနှင့်ပတ်ဝန်းကျင်မှ လူနေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ မီးဘေးလုံခြုံရေး စစ်ဆေးပညာပေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**





## လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈ နာရီခွဲက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှေ့၌ ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်သတိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မိသားစုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပေါ်ပါက ကိုင်တွယ်ခြင်းမပြုရ၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသောခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် တမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ ပါရှိသော လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီခွဲတွင် မြိတ်မြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းမပေါ်တွင် အောင်ထွန်းမင်းဆိုသူ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့ ည ၉ နာရီခွဲတွင် ၎င်းနေထိုင်သည့် မြိတ်မြို့နယ်၊ ကျွဲကူးကျေးရွာရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅ သိန်းအား ထပ်မံသိမ်းဆည်းရမိသဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၇ သိန်းအား ဖမ်းဆီးရမိခဲ့သည်။



ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်ခိုင်းသူ အောင်မျိုးလွင် ဆိုသူအား ဒီဇင်ဘာ ၃၁ ရက် ည ၁၁ နာရီခွဲတွင် မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်ရှိ နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား ပုလောမြို့နေ ကျော်စွာစိုး(ခ) ကုလား(ဖမ်းဆီးရန်ကျန်)ဆိုသူမှ မြိတ်မြို့၊ အဝေးပြေးကားဝင်း အဟောင်းသို့ လာရောက်ပို့ဆောင်ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ ဝမ်ကျောက်လုံကျေးရွာအနီးတွင် အားခေ့(ခ)လော်ဖူး ဆိုသူ မောင်းနှင်ပြီး ဇာနည်(ခ) လရိပ်ဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားခေ့(ခ)လော်ဖူး(၂၈)နှစ်ဆိုသူနှင့် ဇာနည်(ခ)လရိပ်(၃၂)နှစ်ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဇင်ကျေးရွာ၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-မုံရွာ ကားလမ်းအတိုင်း မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ခနဲ့ကျေးရွာနေ ဇော်ဝင်းမောင် (၃၇)နှစ် ဆိုသူ မောင်းနှင်လာသည့် TOYOTA HILUX SURFမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇော်ဝင်းမောင် ဆိုသူအား စစ်ကိုင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## ဓားဦးချွန် ကိုင်ဆောင်ရမ်းကားသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် ည ၁၀ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် သပြေပင်ကျေးရွာ အရောက်၌ အဆိုပါကျေးရွာနေ အောင်ထွန်းဦး (၃၄)နှစ်ဆိုသူသည် အရှိုး၊ အသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းအား ကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်ထွန်းဦး ဆိုသူအား ရေဆင်းနယ်မြေရစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၁)၊ ဦးပိုင်နံပါတ်(၅၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးညွန့်ကောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိန်လင်း(ဘ)ဦးတင်ရွှေ(၅/ခဥန(နိုင်) ၀၇၄၈၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄၉)၊ ဦးပိုင်နံပါတ်(၃၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးတင်အေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ညွန့်ကြည်(ဘ)ဦးအေးမော် (၉/မနတ(နိုင်)၀၅၆၄၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသန်း(ဘ)ဦးမြစိန်(WMDY-၂၈၀၂၀၆) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်စိုး(ဘ)ဦးတင်အေး(၂/လကန(နိုင်)၀၄၉၉၃၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤ ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc.PGDL |

**အထက်တန်းရှေ့နေများ**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မိုင်းမောကျေးရွာနေ ဦးအောင်ကျော်ဦး(ဘ)ဦးကျော်စိုးဝင်း (၉/မသန(နိုင်)၁၂၁၈၄၃)မှ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်(၄၃၂)၊ ဦးပိုင်(၁-ဏ)၊ ဧရိယာ (၀ ဒသမ ၀၄၀၉)ဧက အကျယ်အဝန်းရှိ မြေကွက်၏ အလယ်ပိုင်း(၀ ဒသမ ၀၁၃၆)ဧက+(၀ ဒသမ ၀၀၉၉)ဧက မြေကွက်ပေ အကျယ်အဝန်းမှာ အရှေ့-အနောက်(၄၅)ပေ၊တောင်-မြောက်(၂၆)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူများဟု အဆိုပြုသူ ၁။ဒေါ်ဖြား (၉/မနတ(နိုင်)၀၈၇၂၄၄)၊ ၂။ ဒေါ်ဝေဝေအောင်(၉/မဟမ(နိုင်) ၀၀၃၄၅၄)၊ ၃။ ဦးထက်လင်းအောင်(၉/မဟမ(နိုင်)၀၀၃၄၃၈)၊ ၄။ ဦးသန်းဝင်းအောင်(၉/မဟမ(နိုင်) ၀၁၈၀၀၂)ထံမှ ကျွန်ုပ် ဦးအောင်ကျော်ဦးက မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ရောင်းကြေးငွေအပြောအကြေအား ပေးအပ်ကာ မြေကွက်နှင့်အဆောက်အအုံအား လက်ရောက်ရယူထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းမပြုလုပ်ပါရန်နှင့် အဆိုပါမြေကွက်အား ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း စာချုပ်အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**အသိပေးကြေညာသူ–**
**ဦးအောင်ကျော်ဦး(ဘ)ဦးကျော်စိုးဝင်း(၉/မသန(နိုင်)၁၂၁၈၄၃)**

## "J-JAY FOOTWEAR" ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်း၊ လမ်း ၈၀နှင့် ၈၁လမ်းကြားနေ **(၁)ဦးထာနေစို(ဘ)ဦးဒီလာရမ်း(၉/မကန(နိုင်)၀၈၇၁၃၆)၊ (၂)ဦးမောင်မောင်စိုး(ဘ)ဦးဂိုမင်ဒါ(၅/ကသန(ပြု)၀၀၀၀၈၀)၊ (၃) ဦးစိုဘားလ်(ဘ)ဦးရှုဒရာဗဟာဒူး(၉/မကန(နိုင်)၁၀၇၁၂၃)**တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

J-JAY FOOTWEAR

"J-JAY FOOTWEAR"
**စာချုပ်အမှတ်–(၂၄၀၁/ ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးထာနေစို၊ ဦးမောင်မောင်စိုးနှင့် ဦးစိုဘားလ်**တို့သည် အထက်ဖော်ပြပါ "J-JAY FOOTWEAR" တံဆိပ်ကို ကျွန်ုပ်တို့၏မူပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-(၂၄၀၁/၂၀၂၅)အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် **(ကျားစီး၊ မစီး၊ ကလေးစီး၊ ဖိနပ်မျိုးမျိုး)**တို့ပေါ်တွင် ကပ်နှိပ်၍ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးထာနေစို၊ ဦးမောင်မောင်စိုးနှင့် ဦးစိုဘားလ်**တို့ပိုင် "J-JAY FOOTWEAR" အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ **(ကျားစီး၊ မစီး၊ ကလေးစီး၊ ဖိနပ်မျိုးမျိုး)** ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးထာနေစို၊ ဦးမောင်မောင်စိုးနှင့် ဦးစိုဘားလ်** တို့၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## "LIGHT EMPIRE" ဆိုင်အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ အကွက်(၁၆၂)နေ **ဦးကျော်ထက်ဦး(ဘ) ဦးယုဇွတ်(ခ)မောင်မောင်ဦး(၉/အမဇ(ဧည့်)၀၀၀၂၅၃)**၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေး ကြေညာလိုက်ပါသည်။

LIGHT EMPIRE
Electrical Whole Sale

" LIGHT EMPIRE "
**စာချုပ်အမှတ်–(၂၄၂၃/ ၂၀၂၅)**

ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်ထက်ဦး**သည် အထက်ဖော်ပြပါ "LIGHT EMPIRE" တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင် ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-(၂၄၂၃/၂၀၂၅)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် **(လျှပ်စစ်ပစ္စည်းဖြန့်ချိရေး)** လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်၊ ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်ထက်ဦး** ပိုင် "LIGHT EMPIRE" အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ **(လျှပ်စစ်ပစ္စည်း ဖြန့်ချိရေး)**လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၊ ကပ်နှိပ်၊ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်ခြင်းများမပြုလုပ်ကြပါရန်နှင့်မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်ထက်ဦး**၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၈၇)မြေကွက်ထဲမှ တောင်ဘက်အစွန်ဆုံးခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးချစ်စု အမည်ဖြင့် ရရှိထားသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ တောင်ဘက်အစွန်ဆုံးခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သည့် ဒေါ်သီတာ(ဘ)ဦးပိုက်တင်(၉/ကပတ(နိုင်)၀၃၉၄၇၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်မေ(LL.B) ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဗ–၄/၁၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၀၄၆၉၁၈၈၊ ၀၉–၄၀၀၈၁၁၁၉၂၊ ၀၉–၇၉၄၉၉၄၁၂၃**

## ရွှေလေးကျေးရွာကွက်သစ်(၁)၊ အကွက်(၇၀-က)မြေကွက်ထဲမှ မြောက်ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရွှေလေးကျေးရွာကွက်သစ်(၁)၊ အကွက်အမှတ်(၇၀-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်သန်း အမည်ဖြင့် ရရှိထားသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ မြောက်ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူများဖြစ်သည့် ဒေါ်အိအိဇော်(၉/ခမစ(နိုင်)၀၃၃၈၈၅)နှင့် ဒေါ်နန်းဝင်းနွယ်(၉/ပကခ(နိုင်)၀၇၀၀၂၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်မေ(LL.B) ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဗ–၄/၁၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၀၄၆၉၁၈၈၊ ၀၉–၄၀၀၈၁၁၁၉၂၊ ၀၉–၇၉၄၉၉၄၁၂၃**

## အကွက်အမှတ်(ဒဒ-၄၀)၊ ဦးပိုင်အမှတ်(၃၄)မြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံး အစိပ်(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၀)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်ရွှေ အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်ထဲမှ မြောက်ဘက်အစွန်ဆုံးအစိပ်(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သည့် ဒေါ်ပပမွန်(ဘ)ဦးစိုး(၉/မတရ(နိုင်)၁၇၄၂၀၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်မေ(LL.B) ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဗ–၄/၁၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၀၄၆၉၁၈၈၊ ၀၉–၄၀၀၈၁၁၁၉၂၊ ၀၉–၇၉၄၉၉၄၁၂၃**

## အကွက်အမှတ်(ဗ-၁၅)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၅)၊ ဦးပိုင်အမှတ်(၄၉)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ကြည်စိန် အမည်ဖြင့်ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သည့် ဒေါ်မြမြအေး(ဘ)ဦးရန်ဆန်း(၁၃/ပလတ(နိုင်)၀၁၂၄၇၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်မေ(LL.B) ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဗ–၄/၁၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၀၄၆၉၁၈၈၊ ၀၉–၄၀၀၈၁၁၁၉၂၊ ၀၉–၇၉၄၉၉၄၁၂၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ အိုးဘိုရွာနေ ဦးမောင်မြင့်(၉/တတဉ(နိုင်)၀၄၂၁၆၆)+ဒေါ်ကြည်အေး(၉/အမရ(နိုင်)၁၅၁၉၅၈)တို့၏ သမီး မဥမ္မာ(၉/အမရ(နိုင်)၁၂၃၆၃၀)သည် မိဘနှစ်ပါး အမျိုးမျိုးဒုက္ခပေးပြီး (၃-၁-၂၀၂၆)ရက်နေ့တွင် အိမ်မှ ထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မြင့်(ခ)ဦးမြင့်+ဒေါ်ကြည်အေး**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၃)၊ ဦးပိုင်အမှတ်(၉-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဇော်အေး(ဘ)ဦးကြာဝင်(၉/မကန(နိုင်)၀၅၇၁၇၄)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်အေး(ဘ)ဦးကြာဝင်(၉/မကန(နိုင်)၀၅၇၁၇၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A(Hist),H.G.P | LL.B | B.Sc.PGDL |

**အထက်တန်းရှေ့နေများ**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၅၁၄၀၄၇၈၊ ၀၉–၇၆၇၆၃၈၅၀၁၊ ၀၉–၇၉၂၁၁၉၁၆၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(က-၅)၊ ဦးပိုင်အမှတ်(၈၁)မြေကွက် (၄၀×၆၀)ပေရှိ ဦးမောင်ကြီး(ဘ)ဦးကဲလွန်၊ အေအီး ၂၂၇၀၆၉ အမည်ဖြင့် ချထားရရှိသောမြေကွက်၏ မြောက်ဘက်ခြမ်းအတွင်းရှိ (၂၀×၆၀ ပေ အကျယ်အဝန်းရှိ မြေကွက်မြေသက်သက်ပိုင်းမြေအပါအဝင် ယင်းမြေပေါ်မြေအောက် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်မွန်မွန်ချစ်(ဘ)ဦးကျော်ပြား(၅/မနမ(နိုင်)၀၈၁၂၃၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သန္တာဝင်း(LL.B,DIL,DBL,DIR, DPS,DPhil)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၁၆)**
**၇၆လမ်း၊ ၁လမ်းနှင့် ၂လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၇၈၀၆၈၀၄၈၉၊ ၀၉–၄၀၂၆၁၉၉၇၅**

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် (ဏ-၂)၊ ဦးပိုင်အမှတ်(၇၀)နေ ဦးထွန်းထွန်း+ဒေါ်ကြူကြူချို(အိမ်ခြံမြေအကျိုးဆောင်)တို့၏ ကျေးဇူးရှင် ဖခင်၊ ဦးခိုင်မင်းသူဟန်(အထက်တန်းရှေ့နေ)၏ အဘိုး၊ ဒေါ်ခင်သန်း၏ ချစ်လှစွာသော ခင်ပွန်း

### ဦးစိန်မောင် အသက်(၉၉)နှစ်

သည် (၃-၁-၂၀၂၆)ရက်၊ ၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ်(၁)ရက်နေ့၊ စနေနေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသည်ကို ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှဘုန်း+ဒေါ်မြဝတ်ရည်**
**တရားလွှတ်တော်ရှေ့နေ**
**မိသားစု**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၁၂၀-ခ)၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရဲလင်း (၉/ညဥန(နိုင်)၁၂၆၆၀၁)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၇၁၆/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်ဝင်းထွန်း(ခ)ထွန်းလင်း(၉/သပက(နိုင်)၀၄၃၃၁၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၉)၊ ဦးပိုင်အမှတ်(၄၁)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၀၅(C)လမ်းရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုတက ဝင်းမြင့်(၉/ပသက(နိုင်)၀၀၅၈၈၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၁၈/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယဉ်မိုးခိုင်(၁၃/လရန(နိုင်)၀၈၃၄၉၁)က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်မည် ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လို...

❖ မိမိတို့တာဝန်ယူထားရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၆၁၀ ကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချ ဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၂၆ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၂) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် တစ်ထပ်အဆောက်အအုံငါးလုံး၊ နှစ်ထပ်အဆောက်အအုံ ၁၅ လုံး၊ သုံးထပ်အဆောက်အအုံလေးလုံး၊ ငါးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၂၆ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၆၁၀ ကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအပိုင်း(၃)အတွင်းရှိတရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်နှစ်ထပ်အဆောက်အအုံငါးလုံးကိုထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေအပိုင်း(၂)နှင့် (၃)တို့တွင် ဖောက်ခွဲဖျက်ဆီးခဲ့သည့် အဆောက်အအုံများကို တွေ့မြင်ရစဉ်။




KK Park နယ်မြေအပိုင်း(၂)တွင် တရားမဝင်ဆောက်လုပ်ထားသည့် ငါးထပ်လူနေအဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။

## ဒဂုံပေါ့အသင်းက ရာမညယူနိုက်တက်အသင်းကို ခုနစ်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၅**

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီက ဒဂုံပေါ့အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံပေါ့အသင်းက ရာမညယူနိုက်တက်အသင်းကို ခုနစ်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒဂုံပေါ့အသင်းအတွက် သွင်းဂိုး ခုနစ်ဂိုးကို ပွဲချိန် ၄ မိနစ်နှင့် ၃၇ မိနစ် တွင် ကန်တို့နာ၊ ပွဲချိန် ၁၁ မိနစ်တွင် မီရှဲလ်၊ ပွဲချိန် ၂၄ မိနစ်တွင် ရာဇာအောင်၊ ပွဲချိန် (၄၅+၁)မိနစ်၊ ၅၁ မိနစ်တွင် ထွန်းထွန်းသိန်း၊ ပွဲချိန် ၈၅ မိနစ်တွင် လရောင်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဒဂုံပေါ့အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ဒဂုံပေါ့အသင်း နောက်ခံကစားသမား ထွန်းထွန်းသိန်းက ဆွတ်ခူးခဲ့သည်။

ဒဂုံပေါ့အသင်းသည် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲ ကစားအပြီးတွင် ရမှတ် ၉ မှတ်ဖြင့် အဆင့်(၁၁)နေရာတွင် ရပ်တည်လျက်ရှိသည်။

ရာမညယူနိုက်တက်အသင်းသည်လည်း မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲ ကစားအပြီးတွင် ရမှတ် နှစ်မှတ်သာ ရရှိထားသေးပြီး အမှတ်ပေးဇယား အဆင့်(၁၂) နေရာတွင် ရပ်တည်လျက်ရှိသည်။

အခြားပွဲစဉ်အဖြစ် ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံအသင်းတို့ပွဲစဉ်တွင်လည်း ဒဂုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)



0-0-0-0-0

0-0-0



## နည်းပြ အာမိုရင်မ်အား နည်းပြရာထူးမှ မန်ယူအသင်း ထုတ်ပယ်

**လန်ဒန် ဇန်နဝါရီ ၅**

မန်ယူအသင်းသည် အသင်းနည်းပြ အာမိုရင်မ်အား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် မန်ယူအသင်းနှင့် ၂၀၂၇ ခုနှစ်အထိ စာချုပ် ချုပ်ဆိုထားသော်လည်း အသင်း၏ စီမံခန့်ခွဲမှုအပေါ် ဝေဖန်ပြစ်တင်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြ အာမိုရင်မ်သည် မန်ယူအသင်းအား ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၃ ပွဲတွင် ၂၄ ပွဲ နိုင်၊ ၁၈ ပွဲ သရေ၊ ၂၁ ပွဲ ရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။

မန်ယူအသင်း ထုတ်ပြန်ချက်တွင် "နည်းပြ အာမိုရင်မ်အား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်ထားသည်။ (NGB)